POINT ( Promotion of Indigenous and Nature Together )
ပွိုင့် ( ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ )
သတင်းစာစောင်
Volume - 7, Issue # 2 (December 2020)



## အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများနေ့ ၂၀၂၀ခုနှစ် ဩဂုတ်လ ၉ရက်



၁၉၉၄ ခုနှစ်တွင်ကျင်းပသော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကဩဂုတ်လ (9) ရက်နေ့ကို နိုင်ငံတကာ ကမ္ဘာ့ဌာနေတိုင်းရင်းသားများနေ့ (International Day of the Indigenous Peoples ) အဖြစ်သတ်မှတ်ကြေညာခဲ့ပါတယ်။ အဲ့ဒီတော့ကျွန်တော်တို့ ဌာနေတိုင်းရင်းသားတွေ ကျွန်တော်ကိုယ်တိုင်ကလည်း တိုင်းရင်းသားတစ်ယောက်ဖြစ်တယ်။ အဲ့တော့နှစ်စဉ်နှစ်တိုင်း မြန်မာနိုင်ငံမှာလည်း အဲ့နေ့ရောက်တိုင်းမှာ အထိမ်းအမှတ်ပွဲတွေကျင်းပကြတယ်။ နေရာဒေသအသီးသီးမှာပေ့ါ။ ဒီနေ့တော့ ကမ္ဘာ့အသီးသီးမှာကြုံလာရတဲ့ ကိုဗစ်ပေ့ါနော်၊ ကပ်ဆိုးဘေးဘဲပြောရမှာပေ့ါ။ အဲ့တာကြီးကြုံလာတဲ့အခါမှာ ကျွန်တော်တို့အားလုံးဟာ ကျင်းပပြုလုပ်ခွင့်တော့ မရကြဘူး။ သို့သော်လည်း သူ့နည်းသူ့ဟန်နဲ့ ကျွန်တော်တို့ဟာ အဲ့နေ့ရောက်လာတဲ့အခါမှာ လုပ်လို့

## မာတိကာ


- အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများနေ့ ၂၀၂၀ခုနှစ်
- ဌာနေတိုင်းရင်းသားများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊
- အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်သက်သည့် လှုပ်ရှားဆောင်ရွက်မှုနေ့၊
- ကမ္ဘာ့မြေဆီလွှာနေ့နှင့် ကမ္ဘာ့မိုးသစ်တောများနေ့များ အကြောင်း၊
- အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့တောင်များနေ့နှင့် အိုဇုန်းလွှာထိန်းသိမ်းရေးနေ့များအကြောင်း၊
- အပြည်ပြည်ဆိုင်ရာ တောင်တန်းများနေ့အထိမ်းအမှတ် အနေဖြင့် ဌာနေတိုင်းရင်းသားခေါင်းဆောင်များမှ တိုက်တွန်းအကြံပြုပြောကြားခြင်း၊
- အောင်ပင်လယ်လူမှုဝန်းကျင်မဂ္ဂဇင်း စိန်ရတုခရီးနှင့် မျက်မှောက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ
- ကိုရိုနာဗိုင်းရပ်စ်ရောဂါဆိုင်ရာ သိကောင်းစရာများ၊
- ရက်ဒ်အပေါင်းနှင့် ဌာနေတိုင်းရင်းသားများအခန်းကဏ္ဍ၊
- ဒီဂျစ်တယ်လိုခြုံရေးနှင့် ကိုယ်ရေးအချက်လက်ကာကွယ်ခြင်း၊
- “ဌာနေတိုင်းရင်းသား အခွင့်အရေးမြှင့်တင်ရေးနှင့် ဗွီဒီယိုရုပ်သံ သတင်းပညာသင်တန်း"၊
- ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ )၏လှုပ်ရှားမှုပုံရိပ်များ၊
- ပွိုင့် ( ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ )မှ ပုံနှိပ်ထုတ်ဝေမှုများ၊

ရနိုင်တဲ့ပုံစံနဲ့ အသီးသီးလုပ်ကြတယ် ဥပမာဆိုရင်အခုလိုမျိုး မီဒီယာကတဆင့် Rules and Regulationအရ ဘောင်ထဲမှာဝင်အောင် ကျွန်တော်တို့လုပ်ဆောင်ဖို့တော့ တိုင်းရင်းသားအသီးသီးရဲ့နှလုံးသားထဲမှာ ရှိနေမယ်လို့မျှော်လင့်တယ်။ လုပ်လည်းလုပ်ကြမယ်ဆိုတဲ့အစီအစဉ်ကိုလည်း ကျွန်တော်ကြားရတယ်ပေါ့။ ဆိုတော့ ကျွန်တော်တို့ တစ်ယောက်စာအနေနဲ့ကတော့ ကိုဗစ်က လူကိုဦးတည်ပြီးတော့ တိုက်ခိုက်နေတာပါ တိုင်းရင်းသားတွေကလည်း လူတွေပါဘဲ။ အဲ့တော့ ကိုဗစ်ကာလအတွင်းမှာ လူသားတွေရဲ့ အခြေခံစိတ်ဓာတ်ကိုတည်ပြီးတော့မှ ဒီဟာကို အားလုံးစုစုပေါင်းပေါင်း၊ စည်းစည်းလုံးလုံး၊ ညီညီညာညာနဲ့ပေါ့ ဒီကိုဗစ်ကို တွန်းလှန်တိုက်ခိုက်သွားနိုင်ဖို့အတွက်ကိုလည်း ကျွန်တော်မျှော်လင့်ဆုတောင်းမိပါတယ်။ ကျွန်တော်တို့အားလုံးဟာ ဒီအချိန် ဒီလိုဝင်လာတဲ့ ဒီကပ်ဆိုးမျိုးလောက်အရေးကြီးတဲ့ဟာမရှိဘူး။ ဒါကြောင့်မို့လို့ ညီညီညာညာနဲ့ခုခံကာကွယ်ဖို့အတွက်ဖြစ်တယ်။ အထူးသဖြင့် ဌာနေတိုင်းရင်းသားများဟာ ကျွန်တော်တို့ရှိတဲ့အရပ်ဒေသ၊ ကိုယ့်ရပ်ကိုယ့်ဒေသ Culture တွေကိုဆက်လက် ထိန်းသိမ်းသွားနိုင်မဲ့ဟာမျိုး ဖြစ်သလိုမျိုးပေါ့နော်၊ ပြီးတော့မှ ကျွန်တော်တို့ရဲ့ စုပေါင်းညီညွတ်အားကို လူသားချင်းဆိုတဲ့ လူသားဂေဟစနစ်ပေါ်မှာ ထားသင့်ထားအပ်တဲ့အပြန်အလှန်လေးစားမှုတွေနဲ့ကျွန်တော်တို့အားလုံး ဒီအရေးကိုကာကွယ်သွားနိုင်ဖို့အတွက် ကျွန်တော်ဆုတောင်းမေတ္တာပို့သပါတယ်၊ အားပေးချင်ပါတယ် ခင်ဗျာ၊ ဟုတ်ကဲ့ပါ။



ခနဌာနေတိုင်းရင်းသားတစ်ဦးဖြစ်သူ ကိုဣန္ဒမှ အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားများနေ့အတွက်ကဗျာ တစ်ပုဒ်ရွတ်ဆိုခြင်း၊

တည်ထောင်သူနဲ့တီထွင်သူ
တည်ထောင်ကြတယ်ဆိုတာ
ကျူးကျော်သူတွေမဟုတ်ဘူး။

မူလဘူဒနေထိုင်ကြသူတွေ
ကိုယ်ပိုင်မြေကြီး
ကိုယ်တိုင်စားတယ်
ယက်လုပ်တယ် ဝတ်ဆင်တယ်
မျိုးစေ့ချတယ်
ကိုယ်တိုင်စိုက်ပျိုးပြီးနေထိုင်တယ်
ရေရှည်အနာဂတ်ကိုတည်ထောင်တယ်။

တကယ့်ကျူးကျော်သူတွေဆိုတာ
ဓါတုတွေကိုစားတယ်
နီယွန်မီးတွေ၊ ဆိုဖာတွေပေါ်မှာ
မောက်မာတယ်၊ ဖိမ်ခံကြတယ်

စာရွက်စာတမ်းတွေနဲ့ နယ်ချဲ့စီမံကိန်း
တီထွင်တယ်
ဌာနေတိုင်းရင်းလူထုတွေရဲ့
မျက်ရည်နဲ့သွေးကို သူတို့ကြိုက်တယ်။

နောက်ဆုံးတော့
စက်ရုံတွေတီထွင်တယ်
ဈေးကွက်ကို တီထွင်တယ်
လွှတ်တော်ကိုကျ တီထွင်တယ်
မဲရုံတွေ တီထွင်တယ်။

ပျက်သုဉ်းခြင်းကိုသာ
ကျူးကျော်သူတွေ တီထွင်တယ်

ဣန္ဒ



# ဌာနေတိုင်းရင်းသားအနုပညာရှင်ထံများမှ တိုက်တွန်းနှိုးဆော်မှုများ

## ချင်းတေးသံရှင်တစ်ဦးဖြစ်သူ Nilan



လက်ရှိခေတ်ပေါ် လူမှုအသိုင်းအဝိုင်းတို့၏ နေထိုင်မှုစနစ်များနှင့် မတူညီဘဲ ခြားနားစွာ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ နေထိုင်လျက်ရှိနေသောသူများသည် ဌာနေတိုင်းရင်းသားများပင် ဖြစ်ပါသည်။ ဌာနေတိုင်းရင်းသားများသည် ထိခိုက်လွယ်၍၊ အခွင့်အရေးများဆုံးရှုံးနေသော လူမျိုးစုများဖြစ်ပြီး၊ ၎င်းတို့၏ ဖြစ်တည်မှု၊ ဓလေ့ထုံးတမ်းမြေယာများ၊ ပိုင်နက်နယ်မြေများနှင့် သဘာဝသယံဇာတများလည်း ချိုးဖောက်ခံနေရပါသည်။

## ကချင်တေးသံရှင်တစ်ဦးဖြစ်သူ Lun Zaung



ကမ္ဘာပေါ်တွင် မှီတင်းနေထိုင်နေသော ဌာနေတိုင်းရင်းသားများဦးရေမှာ သန်းပေါင်း ၃၇၀ ခန့်ရှိပြီး၊ နိုင်ငံပေါင်း ၉၀ တွင် ဖြန့်ကျက် နေထိုင်လျှက်ရှိပါသည်။ ဌာနေတိုင်းရင်းသားများသည်ဘာသာစကားရ၀၀၀ခန့်နှင့်ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာပေါင်း၅၀၀၀ခန့်ကိုထိန်းသိမ်းကျင့်သုံးလျက်ရှိပြီး၊ကမ္ဘာ့လူဦးရေ၏အဆင်းရဲဆုံး ၁၅%ထဲတွင် ပါဝင်လျှက်ရှိပါသည်။

## ကရင်တေးသံရှင်တစ်ဦးဖြစ်သူ Solomon



၂၀၂၀ခုနှစ်သည် ကမ္ဘာ့ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများ အခွင့်အရေးကြေ ညာစာတမ်း၏ ၁၃နှစ်ပြည့် နှစ်ပတ်လည် နေ့လေးဖြစ်ပါတယ်။ လွန်ခဲ့သော ဆယ့်သုံးနှစ်ခန့် ၂၀၀၇၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ကမ္ဘာ့ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားများအခွင့်အရေး ကြေညာစာတမ်း (United Nations Declaration on the Rights of Indigenous Peoples – UNDRIP) စတင် အတည်ပြုကြေညာခဲ့ပါတယ်။

## မြန်မာနိုင်ငံ၏ ပထမဦးဆုံး
## ကရင်အမျိုးသမီးလေယာဉ်မှူးတစ်ဦးဖြစ်သူ နော်ခူးခူဖော



မြန်မာနိုင်ငံတွင် ၂၀၁၃ခုနှစ်မှစ၍ ဩဂုတ်လ (၉)ရက်နေ့တိုင်းတွင် ဌာနေတိုင်းရင်းသားနေ့ကို နှစ်စဉ် နှစ်တိုင်းကျင်းပလာခဲ့ပါတယ်။ ယခုနှစ် ဌာနေတိုင်းရင်းသားနေ့၏ ဆောင်ပုဒ်မှာ “ ကိုဗစ် နိုင်တင်းနှင့် ဌာနေတိုင်းရင်းသားများ ၏ ခုခံနိုင်စွမ်း” ဖြစ်ပါတယ်။

# ဌာနေတိုင်းရင်းသားများနှင့်

## သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး



စာရေးသူ – မင်းချစ်နိုင်

“ဌာနေတိုင်းရင်းသား(သို့မဟုတ်) ဒေသခံတွေဟာ နိုင်ငံတွေ အစိုးရတွေ မပေါ်ပေါက်ခင်မှာ အုပ်ချုပ်ရေးတွေ မရှိခင်ကတည်းက ရှင်သန်နေထိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ နေရာဒေသတစ်ခုမှာ ဆယ်စုနှစ်များစွာ နေထိုင်ခဲ့ရင် ဒါမှမဟုတ် နှစ်ပေါင်းရာချီ နေထိုင်လာခဲ့ကြရင် အဲဒီလူတွေဟာ ဌာနေတိုင်းရင်းသားများ (Indigenous Peoples)များ ဖြစ်ကြပါတယ်” လို့ ကမ္ဘာ့ကုလသမဂ္ဂရဲ့ ဌာနေတိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်းမှာ ဖော်ပြထားပါတယ်။ ကမ္ဘာ့နေရာဒေသအသီးသီးမှာ ဒေသခံ သို့မဟုတ် ဌာနေတိုင်းရင်းသား စုစုပေါင်း သန်း ၃၀၀ ကျော်ရှိနေပါတယ်။

ဌာနေတိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်းကို သေသေချာချာလေ့လာကြည့်ရင် ကုလသမဂ္ဂပဋိညာဉ်၊ စကြာဝဠာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ လူ့အခွင့်အရေး ပဋိညာဉ်များ၊ ကလေးသူငယ်ဆိုင်ရာ သဘောတူညီချက်၊ အမျိုးသမီးများကို နည်းမျိုးစုံနဲ့ခွဲခြားဆက်ဆံမှုပပျောက်ရေးသဘော တူညီချက် (CEDAW)၊ လူမျိုးခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူညီချက်၊ မျိုးသုဉ်းသတ်ဖြတ်ခြင်းကို ကိုင်တွယ်ဖြေရှင်းရေး သဘောတူညီချက်၊ လူနည်းစုများရဲ့ ဘာသာရေးဆိုင်ရာလွတ်လပ်ခွင့်ကို ကန့်သတ်ချုပ်ခြယ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားသမဂ္ဂ (ILO)နဲ့ ဌာနေလူမျိုးစုဆိုင်ရာ သဘောတူညီချက် ၁၆၉တို့လို နိုင်ငံတကာ တရားဝင်စာချုပ်စာတမ်းတွေမှာပါဝင်တဲ့ အချက်အလက်တွေနဲ့ ရေးသားထားတာကိုတွေ့ရပါလိမ့်မယ်။

ဌာနေတိုင်းရင်းသားတွေမှာ သူတို့ရဲ့နယ်ပယ်နဲ့ သယံဇာတ အရင်းအမြစ်ဆိုင်ရာ အခွင့်အရေးတွေရှိပါတယ်။ မြေအသုံးချစနစ်နဲ့ပတ်သက်တဲ့ ဌာနေတိုင်းရင်းသားတွေရဲ့ အစဉ်အလာဓလေ့ထုံးတမ်းတွေကို လေးစားလိုက်နာပြီး အဲဒီနယ်မြေဒေသနဲ့ သယံဇာတအရင်းအမြစ်ဆိုင်ရာ အခွင့်အရေးတွေကို ဥပဒေပြဌာန်း ကာကွယ် ပေးဖို့ အစိုးရတွေမှာ တာဝန်ရှိပါတယ်။ ဌာနေတိုင်းရင်းသားတွေဟာ သူတို့ရဲ့ နယ်မြေဒေသနဲ့ သယံဇာတအရင်း အမြစ်ဆိုင်ရာ ယုံကြည်မှုတွေကို ထိန်းသိမ်းကာကွယ်ခွင့်ရှိတယ်။ ဒါကြောင့် အစိုးရတွေအနေနဲ့ စီမံကိန်းတွေ လုပ်မယ်ဆိုရင် ဌာနေတိုင်းရင်းသားတွေရဲ့ ထိန်းသိမ်းကာကွယ်ထားတာတွေကို အလေးထားစဉ်းစားသင့်ပါတယ်။ ဌာနေတိုင်းရင်းသားတွေ သဘောတူမှ (သို့မဟုတ်) ကန့်ကွက်မှုတွေကို ဖြေရှင်းပြီးမှ စီမံကိန်းကိုဖော်ဆောင်သင့်ပါတယ်။

အဲဒီလို ကမ္ဘာ့ကုလသမဂ္ဂရဲ့ ဌာနေတိုင်းရင်းသားများအခွင့်အရေးဆိုင်ရာ ကြေညာစာတမ်းမှာ အတိ အလင်း ထုတ်ပြန်ကြေညာထားပါတယ်။ မြန်မာနိုင်ငံဟာ ဌာနေတိုင်းရင်းသားများအခွင့်အရေးဆိုင်ရာ ကြေညာစာတမ်းကို သဘောတူထောက်ခံထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပေမယ့် လက်တွေ့ပိုင်းမှာတော့ ဌာနေတိုင်းရင်းသားတွေဟာ စီမံကိန်းတွေနဲ့ပတ်သက်ရင် အခွင့်အရေးတွေ ဆုံးရှုံးနေတာ တွေ့ရပါတယ်။ အရင်က လုပ်ကိုင်ခဲ့ပြီးသော၊ လက်ရှိ လုပ်ကိုင်နေဆဲဖြစ်သော၊ နောက်ထပ် လုပ်ကိုင်မယ့် အစီအစဉ်ရှိသော စီမံကိန်းအများစုကို ကြည့်ရင်လည်း ဌာနေတိုင်းရင်းသားတွေ နေထိုင်ရာဒေသတွေမှာ တည်ရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့် စီမံကိန်းတွေနဲ့ ပတ်သက်ရင် ထိခိုက်ဆုံးရှုံးမှုတွေကို ဌာနေတိုင်းရင်းသားတွေကပဲ အမြဲကြုံတွေ့ခံစားနေရခြင်း ဖြစ်ပါတယ်။

အရင်ကတော့ နိုင်ငံတော်အစိုးရအပါအဝင် စီမံကိန်းလုပ်ဆောင်သူတွေဟာ စီမံကိန်းတည်ရှိရာ ဒေသက ဒေသခံပြည်သူ၊ ဌာနေတိုင်းရင်းသားတွေကို ဘယ်တော့မှ ထည့်မတွက်ခဲ့ပါဘူး။ သူလုပ်စရာရှိတာကိုပဲ ပြီးဆုံးအောင် ဦးတည် လုပ်ခဲ့ကြပါတယ်။ လယ်တွေ၊ မြေတွေ၊ ဥယျာဉ်ခြံမြေတွေကို ဘာလျော်ကြေးမှမပေးဘဲ သိမ်းတယ်။ လူတွေ နေရာအတင်းအဓမ္မ ပြောင်းရွှေ့ခိုင်းတယ်။ ဒေသခံပြည်သူတွေ အဆင်ပြေမပြေဆိုတာထက် သူတို့ စီမံကိန်း ပြီးစီးရေးကိုပဲ ဦးစားပေးခဲ့တယ်။ ဒေသခံပြည်သူတွေ၊ ဌာနေတိုင်းရင်းသားတွေဟာ စီမံကိန်းကြောင့် ဒုက္ခပင်လယ် ဝေခဲ့ရတယ်။ ဖွံ့ဖြိုးတိုးတက်မှုလို့ အမည်ခံထားတဲ့ စီမံကိန်းတွေကြောင့် သူတို့ရဲ့ ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေ၊ ရေ မြေ တော တောင် သဘာဝ ပတ်ဝန်းကျင်တွေ ဆုံးရှုံးခဲ့ရတယ်။ စီးပွား ရေး၊ လူမှုရေး၊ ပညာရေး စသဖြင့် အစစအရာရာ နောက်ကောက်ကျခဲ့ရတယ်။ အရင် အစိုးရလက်ထက်တွေတုန်းကတော့ ဒါတွေကို ဘယ်သူမှ ဖော်ထုတ်မပြောဆိုရဲခဲ့ကြဘူး။ ဒေသခံတွေဟာ ဒေသခံဆိုတဲ့အတိုင်း ဒေသမှာပဲ ကြိတ်မှိတ်ခံခဲ့ရတယ်။ အသက်ရှင်ခွင့်ရနေတာကိုပဲ ကျေးဇူးတင်နေရတဲ့ ကာလကို ဖြတ်သန်းနေရတော့ ပိုင်ဆိုင်မှုတို့ အခွင့်အရေးတို့ဆိုတာ ဘာမှန်းမသိ ဖြစ်ခဲ့ရတယ်။

အခုကတော့ အရင်လို မဟုတ်တော့ပါဘူး။ အစိုးရတွေလည်း ပြောင်းလဲခဲ့ဘူး။ ခေတ်စနစ်တွေလည်း ပြောင်းလဲခဲ့ပြီ။ လူသားတိုင်း လူ့အခွင့်အရေးကို ထုတ်ဖော်ပြောဆိုခွင့်ရှိနေပြီ။ စီမံကိန်းတွေကို လက်လွတ်စပယ် လုပ်လို့မရတော့ဘူး။ စီမံကိန်းတစ်ခု လုပ်မယ်ဆိုရင် ဒေသခံပြည်သူ (သို့မဟုတ်) ဌာနေတိုင်းရင်းသားတွေကို ကြိုတင်အသိပေးရမယ်တို့၊ ဒေသခံပြည်သူတွေနဲ့ ဆွေးနွေးတိုင်ပင် ညှိနှိုင်းပြီးမှ ဆောင်ရွက်ရမယ်တို့၊ ဒေသခံ ပြည်သူတွေ လက်ခံမှ စီမံကိန်းကို လုပ်ဆောင်ရမယ်တို့၊ စီမံကိန်းကြောင့် ဆုံးရှုံးသွားတဲ့ အရာတွေအတွက် ဒေသခံပြည်သူသတွေကို လျော်ကြေးပေးရမယ်တို့၊ ပြောင်းရွှေ့ခံဒေသခံပြည်သူတွေကိုလည်း မူလနေရာမှာ နေထိုင်ခဲ့သလို အခွင့်အရေးတွေ ပေးရမယ်တို့၊ စီမံကိန်းလုပ်ဆောင်ရင် နိုင်ငံတကာ စံချိန်စံညွှန်းတွေနဲ့ အညီ လုပ်ဆောင်ရမယ်တို့၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာ ဆန်းစစ်ချက်(EIA)၊ လူမှုရေးထိခိုက်မှုဆိုင်ရာဆန်းစစ်ချက်(SIA)တို့ကို ပြုလုပ်ပြီးမှ စီမံကိန်းကို လုပ်ဆောင်ရမယ်တို့ စသဖြင့် စီမံကိန်းလုပ်ဆောင်မယ့်သူတွေ လိုက်နာရမယ့် အချက်တွေလည်း အများကြီးရှိလာခဲ့ပါပြီ။ အဲဒီစံချိန်စံညွှန်းတွေနဲ့ မညီရင် ဘယ်စီမံကိန်းကိုမှ လုပ်ဆောင်မှုမပေးဘူးဆိုတာကို နိုင်ငံတော်အစိုးရက ဥပဒေနဲ့ တင်းတင်းကျပ်ကျပ် ကိုင်တွယ်ဆောင်ရွက်ဖို့ပဲ လိုနေတာပါ။

ဒီနေရာမှာ ဒေသခံပြည်သူတွေ၊ ဌာနေတိုင်းရင်းသားတွေကလည်း မိမိတို့ ရသင့်တဲ့အခွင့်အရေး၊ ပိုင်ဆိုင်မှုတွေကို သိထားဖို့လိုပါတယ်။ ဒါတွေကလည်း ကျွန်တော်အထက်မှာ ပြောခဲ့တဲ့ ကမ္ဘာ့ကုလသမဂ္ဂရဲ့ ဌာနေတိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာကြေညာစာတမ်းလို ကမ္ဘာလုံးဆိုင်ရာ အသိအမှတ်ပြုထားတဲ့ ကြေညာစာတမ်းတွေ၊ စီမံချက်တွေ၊ မူဝါဒတွေ၊ ဥပဒေတွေမှာ ပါဝင်နေပြီးသားပါ။ ဒါကို



သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းတွေ၊ ဌာနေတိုင်းရင်းသားအရေး ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေက ဒေသခံပြည်သူတွေ၊ ဌာနေတိုင်းရင်းသားတွေ သိရှိအောင်၊ တောင်းဆိုတတ်အောင် ဆောင်ရွက်ပေးဖို့လိုပါတယ်။ ဒီနေရာမှာ ပြဿနာအကြီးမားဆုံးဖြစ်နေတာ နိုင်ငံတော်အစိုးရက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တောထိန်း သိမ်းရေးအတွက် လုပ်ဆောင်တဲ့ စီမံကိန်းတွေကြောင့် ဌာနေတိုင်းရင်းသားတွေရဲ့ မြေယာဆုံးရှုံးမှု ပြဿနာပါပဲ။ အဲဒီစီမံကိန်းတွေကြောင့် လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက သစ်တောတွေကို အမှီပြုနေထိုင် စားသောက်၊ အသက်ရှင်နေထိုင်ခဲ့ရတဲ့ ဌာနေတိုင်းရင်းသားတွေဟာ အခက်အခဲတွေ အများကြီးရင်ဆိုင်နေရပါတယ်။ ဒါတွေဟာ အစိုးရအနေနဲ့ အထူးတလည် စနစ်တကျ ကိုင်တွယ်ဆောင်ရွက်သင့်တဲ့ကိစ္စရပ်တွေပဲ ဖြစ်ပါတယ်။

အချုပ်ဆိုရရင်တော့ ဌာနေတိုင်းရင်းသားတွေဟာ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက သူတို့ဒေသမှာရှိတဲ့ ရေ မြေ တော တောင်တွေ သဘာဝပတ်ဝန်းကျင်တွေကို ထိန်းသိမ်းပြီး အဲဒီအပေါ်မှာပဲ အမှီပြု နေထိုင်စားသောက်ခဲ့တဲ့သူတွေပါ။ သူတို့ကြောင့်ပဲ အဲဒီဒေသတွေမှာ ရေ မြေ တော တောင် သဘာဝပတ်ဝန်းကျင်တွေဟာ သဘာဝအတိုင်းတည်ရှိနေခြင်း ဖြစ်ပါတယ်။ ဒါကိုတော့ ကျွန်တော်တို့ မေ့မထားသင့်ပါဘူး။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ စီမံကိန်းပဲ လုပ်လုပ်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပဲ လုပ်လုပ်၊ သစ်တော ထိန်းသိမ်းရေးပဲ လုပ်လုပ်၊ ဘာပဲလုပ်လုပ် ဌာနေတိုင်းရင်းသားတွေရဲ့ အခွင့်အရေး၊ ရပိုင်ခွင့်နဲ့ သူတို့ရဲ့ အသံတွေကို အထူးဂရုပြု နားထောင်ပြီး ဆွေးနွေးတိုင်ပင် ညှိနှိုင်းဆောင်ရွက်ဖို့ လိုပါကြောင်း ရေးသားလိုက်ရပါတယ်။

**မင်းချစ်နိုင်**

# အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲခြင်းနှင့်ပက်သက်သည့် လှုပ်ရှားဆောင်ရွက်မှုနေ့

## အောက်တိုဘာလ၊ ၂၄ရက်နေ့



ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုကပ်ဘေးနှင့်ရင်ဆိုင်နေရချိန်တွင် ပွိုင့်-ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံအတွင်းရှိ ဌာနေတိုင်းရင်းသားခေါင်းဆောင်များမှ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာအစိုးရဌာနများနှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာညီလာခံထံသို့ တိုက်တွန်းချက်များကို ဖော်ပြလိုက်ရပါသည်။

- ဌာနေတိုင်းရင်းသားများနှင့်သက်ဆိုင်သော ကမ္ဘာ့ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာညီလာခံ၏ ဆုံးဖြတ်ချက်များအားလုံးကို အကောင်အထည်ဖော်ရန်။
- ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာကြေညာချက်နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းညီလာခံ-၁၆၉တို့ကို သေသေချာချာလိုက်နာသော လူ့အခွင့်အရေးကို အခြေခံသည့် ရာသီဥတုဆိုင်ရာလုပ်ဆောင်ချက်များကို ဆောင်ရွက်ရန်။
- ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်စောင့်ရှောက်ရာတွင် ဌာနေတိုင်းရင်းသားများအား မိတ်ဖက်များဟု အသိအမှတ်ပြုရန်။
- ဌာနေတိုင်းရင်းသားများ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပလက်ဖောင်းကို နိုင်ငံအဆင့် ရပ်ရွာအဆင့်များတွင် တည်ထောင်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်။
- အမျိုးသမီးများ၊ လူငယ်များနှင့် မသန်စွမ်းသူများအပါအဝင် ဌာနေတိုင်းရင်းသားများ၏ အပြည့်အဝပူးပေါင်းပါဝင်မှုရှိသော တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆုံးဖြတ်ထားသည့် ကူညီပံ့ပိုးမှုများဖြစ်လာစေရန်အတွက် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအမျိုးသားအဆင့် ကတိကဝတ်ကို ပြန်လည်ပြင်ဆင်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်။

# ကမ္ဘာ့မြေဆီလွှာနေ့

အောက်တိုဘာလ၊
၂၄ရက်နေ့

စာရေးသူ – ကိုပီတိ



ကမ္ဘာ့ကုလသမဂ္ဂမှ ဒီဇင်ဘာ ၅ရက်နေ့တိုင်း ကမ္ဘာ့မြေဆီလွှာနေ့ အဖြစ် သတ်မှတ်ထားပါတယ်။ မြေဆီလွှာလို့ပြောလိုက်တဲ့အခါမှာ မြေဆီလွှာက ကျွန်တော်တို့အတွက်များ ဘယ်လောက်အရေးကြီး လဲပေါ့။ ဒီမေးခွန်းလေးရှိပါတယ်။ ဒီအနောက်မှာလည်း မြေကြီး တွေ မြင်ရမယ်ပေါ့နော်။ ဒါပေမဲ့ မြေဆီလွှာဆိုတဲ့ အရာဝတ္ထုများ ဟာ မျက်စိနဲ့မြင်ဖို့လွယ်တယ်။ မြေကြီးရဲ့အပေါ်ယံမှာ သူက သိပ်တော့မထူဘူး၊ ခပ်ပါးပါးလေးပေါ့၊ တစ်လက်မပတ်ဝန်းကျင် လောက်မှာဘဲ ဖွဲ့စည်းတည်ရှိမှုကို မြင်ရပါတယ်။ ဒီလို မြေဆီလွှာ များတည်ရှိနေဖို့ရန်အတွက် အခုမြင်နေရတဲ့ မြေမျက်နှာပြင် ကို ဖုံးအုပ်ထားတဲ့ အပင်မျိုးစုံကိုလိုအပ်ပါတယ်။ ကွင်းပြောင် ပြောင်ကြီးတွေမှာ ကန္တာရဆန်တဲ့ နေရာများမှာတော့ ဒါမှမဟုတ် ကျောက်လွှာပေါ်များတဲ့ နေရာများမှာကျတော့ မြေဆီလွှာကိုတွေ့ ရဖို့ခက်ခဲပါတယ်။

ဒါကြောင့် ကမ္ဘာ့မြေဆီလွှာနေ့ကို ရောက်တိုင်းရောက်တိုင်း မြေဆီလွှာသည် ကျွန်တော်တို့ လူသားများအတွက်ကော တခြား သောသက်ရှိသတ္တဝါများအတွက်ကော အရေးကြီးတယ်ဆိုတာကို အောက်မေ့သတိရပြီးတော့မှ မြေဆီလွှာများပျက်စီးစေမဲ့ လုပ်ကိုင် ဆောင်ရွက်မှု၊ မြေဆီလွှာများကို လုံးဝသေဆုံးသွားစေနိုင်တဲ့ လုပ်ကိုင်ဆောင်ရွက်မှုများကို သတိထားပြီးတော့ ကျွန်တော်တို့ ရှောင်ရှားနိုင်ဖို့ရန်အတွက် ကမ္ဘာ့မြေဆီလွှာနေ့ကိုရောက်တိုင်း ကျွန်တော်တို့ ဒါလေးကို သတိတရရှိပြီးတော့မှ အချင်းချင်းလည်း တိုက်တွန်းနှိုးဆော်ပေးဖို့လည်း လိုပါတယ်ဆိုတာလေးကို ကျွန် တော့အနေနဲ့ ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

> “မြေဆီလွှာသည် ကျွန်တော်တို့လူသားများအတွက် အရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ မြေဆီလွှာသည် ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုဖြစ်တယ်လို့ပြောရင် လူတွေက အံ့အားသင့်ကောင်း အံ့အားသင့်လိမ့်မယ်ပေါ့။ ဘာကြောင့်လဲဆိုတော့ ဒီ မြေဆီလွှာကောင်းတဲ့နေရာမှာမှ စားပင်သီးပင်တွေကို စိုက်ပျိုးလို့ရတယ်။ ဒါမှမဟုတ် သဘာဝအပင်တွေ၊ သစ်ပင်ကြီးတွေ ရှင်သန်နိုင်မှာဖြစ်တယ်။ ဒီမြေဆီလွှာကို အမှီပြုပြီးတော့ ရှင်သန်တဲ့ သစ်ပင်တွေ၊ စားပင်တွေ၊ ဆေးဖက်ဝင်တဲ့အပင်တွေ ၊ ပန်းပင်တွေ အစရှိသဖြင့် ရာသီအလိုက်ပွင့်ကြတဲ့ အပင်တွေအမျိုးမျိုးဟာ လူသားတွေအတွက်သာမက လူအပါအဝင် အခြားသောသက်ရှိဇီဝအားလုံးအတွက် စားစရာ၊နေစရာ၊ ဆေးဝါးကုသစရာ နောက်ပြီးတော့သုံးစွဲမဲ့ အသုံးဆောင်ပစ္စည်း တွေကအစ ထုတ်လုပ်ပေးနိုင်တဲ့ အစွမ်းသတ္တိရှိပါတယ်။ ဒါကြောင့် ဒီမြေဆီလွှာကောင်းမွန်မှုမရှိရင် အထူးသဖြင့် လူသား တွေအတွက် အာဟာရပြည့်ဝတဲ့အစားအစာများလည်း ပေါက်ရောက်ဖူးပွင့်ဖို့ ခက်ခဲပါတယ်။”



# ကမ္ဘာ့မိုးသစ်တောများနေ့

World Rain Forest Day - June 23





မိုးသစ်တောများသည် အများအားဖြင့် အမြဲစိမ်းလန်းကာ ပင်စည်များမှာ ရှည်လျားပြီး မိုးရေချိန်များစွာရရှိသော သစ်တောဧရိယာများပင်ဖြစ်သည်။ မိုးသစ်တောများသည် ကမ္ဘာ့သက်တမ်းအရင့်ဆုံး သက်ရှိဂေဟစနစ်ဖြစ်ပြီး အချို့မှာ ၎င်းတို့၏ လက်ရှိပုံစံဖြင့် အနည်းဆုံး နှစ်သန်းပေါင်း (၇၀) ရှင်သန်ရပ်တည်နေခဲ့ကြသည်။

၎င်းတို့သည် မယုံကြည်နိုင်လောက်အောင် မတူကွဲပြားခြားနားနေကြပြီး ကမ္ဘာ့မြေမျက်နှာပြင်၏ ဖရာခိုင်နှုန်းလောက်သာဖုံးလွှမ်းထားကြသော်လည်း ကမ္ဘာ့မြေကြီး၏ တစ်ဝက်ခန့်မျှရှိသော သစ်တောများနှင့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်များတို့အတွက် နေအိမ်သဖွယ်ဖြစ်နေပါသည်။ ထိုအရာက မိုးသစ်တောများကို သစ်ပင်ပန်းမန်များနှင့်သတ္တဝါများဖြင့် ထူထပ်ပြည့်နှက်နေစေကာ ၁၀ စတုရန်းကီလိုမီတာ(၄ စတုရန်းမိုင်)ဝန်းကျင်တွင် ပန်းပင်ပန်းမန်ပေါင်း ၁၅၀၀၊ သစ်ပင်မျိုးစိတ်ပေါင်း ၇၅၀၊ ၄ှက်မျိုးစိတ်ပေါင်း ၄၀၀နှင့် လိပ်ပြာမျိုးစိတ်ပေါင်း ၁၅၀တို့ ရှင်သန်တည်ရှိနေကြပါသည်။

မိုးသစ်တောများသည် အန္တာတိကအတိုက်မှလွဲ၍ ကျန်သည့်တိုက်ကြီးများတွင် ပေါက်ရောက်ကြသည်။ ကြီးမားကျယ်ပြန့်ဆုံးသော မိုးသစ်တောများသည် တောင်အမေရိကရှိ အမေဇုန်မြစ်ကြီးနှင့် အာဖရိကရှိ ကွန်ဂိုမြစ်ကြီးတို့ တစ်ဝိုက်တွင် မြင်တွေ့ရနိုင်ပါသည်။ အရှေ့တောင်အာရှ၏ အပူပိုင်းကျွန်းများနှင့် ဩစတြေးလျတိုက်ရှိ အချို့အပိုင်းများတို့သည် ထူထပ်သိပ်သည်းသော မိုးသစ်တောနေရင်းဒေသများအဖြစ်တွေ့ရသည်။ ထို့ပြင် မြောက်အမေကရိကတိုက်၏ ပစိဖိတ်အနောက်မြောက်ဘက်နှင့် ဥရောပမြောက်ဘက်ပိုင်းရှိ အေးမြစိမ်းစိုသည့်သစ်တောများမှာလည်း မိုးသစ်တောများပင်ဖြစ်နေပါသည်။

မိုးသစ်တောများ၏ ပေါကြွယ်ဝလှသော ဇီဝမျိုးစုံမျိုးကွဲသည် ကျွန်တော်တို့လူသားနှင့် ကျွန်တော်တို့ ရှင်သန်နေထိုင်ရာ ကမ္ဘာမြေကြီးတို့ကောင်းမွန်စွာ ရှင်သန်ရပ်တည် လည်ပတ်နိုင်ရန်အတွက် လွန်စွာပင်အရေးကြီးလှပါသည်။ မိုးသစ်တောများသည် ကျွန်တော်တို့၏ ဥတုရာသီပုံမှန်လည်ပတ်နိုင်ရန်အတွက်သော်လည်းကောင်း ကျွန်တော်တို့လိုအပ်သော အမျိုးမျိုးသော နေ့စဉ်ထုတ်ကုန်ပစ္စည်းများတို့ကိုလည်းကောင်း ထောက်ပံ့ပေးနေကြပါသည်။



# အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့တောင်များနေ့

ဒီဇင်ဘာလ ၁၁ရက်နေ့

အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့တောင်များနေ့ အထိမ်းအမှတ်အနေဖြင့် ၂၀၂၀ခုနှစ်၊ ဒီဇင်ဘာလ ၁၁ရက်နေ့၌ ရှာငံမြို့နယ်၊ ရပ်စောက်မြို့နယ်နှင့် ပင်းတယမြို့နယ် အစပ်ရှိအမြင့်ပေ(7852)ပေ မြင့်သောဒေသ၏ အဓိကရေဝေရေလဲနေရာ အရှေ့မြင်အနောက်မြင်တောင်တောင်တက်ခရီးစဉ်ကို ဆောင်ရွက်ခဲ့ကြရာ ပင်းတယ၊ အောင်ပန်းနှင့် ရှာငံမြို့ရှိ ဓနုလူမျိုးများ စုစုပေါင်း (၃၂)ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။ အရှေ့မြင်အနောက်မြင်တောင်သည် ပွင့်လင်းရာသီတွင် တောင်တက် ခရီးသွားလာခြင်း၊သဘာဝတရားများ(တောင်ဇလပ်ပန်း) ကြည့်ရှုခံစားရာ နေရာကောင်းဖြစ်သဖြင့် လူအများ ခရီးသွား တောင်တက်ရာ နေရာတခုလည်းဖြစ်ပါသည်။ တောင်ပေါ်သို့ ပင်းတယမြို့နယ် ကြံခင်းမြောင်ရွာမှ စတင်တက်ခဲ့ခြင်းဖြင့် ထိုတောင်တက်ခရီးစဉ်ကို အစပျိုးခဲ့ကြသည်။ ၎င်းတောင်တက်ခရီးစဉ်တွင် ကြမ်းခင်းမြောင်မှ လမ်းပြသူ ၃ ဦးက ဦးဆောင်တက်ရောက်ပေးခဲ့သည်။ ရွာမှစတင်ထွက်ခွာရာတွင် လက်ဖက်ခင်းများ၊ လိမ္မော်ခင်းများအား ဝေဝေဆာဆာမြင်တွေ့ခံစားခဲ့ကြရပြီး သဘာဝတရား၏ လက်ဆောင်အနေဖြင့် တာဝါတိုင်နှင့် ရွာစွန်ကြားရှိ ကျောက်ကြားမှ စမ်းရေကို မြင်တွေ့ခဲ့ကြရပါသည်။

တောင်တက်လမ်းများပေါ်တွင် စည်းကမ်းမဲ့ စွန့်ပစ်ခဲ့ကြသော အမှိုက်များကို ကောက်ယူခြင်း ကမ်ပိန်းလှုပ်ရှားမှုကို တောတောင်သဘာဝအလှတရားအား မပျက်စီးသွားစေရန်အတွက်ရည်ရွယ်၍ အတူတကွ ပြုလုပ်ခဲ့ကြပြီး တောင်တန်းများ၏ သဘာဝအလှကိုရှုစားကြကာ တစ်ဦးနှင့်တစ်ဦး ဖေးမကူညီဆွဲခေါ်လျက် လမ်းခရီးတွင် ခေတ္တခဏအနားယူခဲ့ကြသည်။ ထိုကဲ့သို့အနားယူနေစဉ် အမောဖြေသောက်သုံးရန်အတွက် တစ်ဦးကို ရေ ၃ လီတာ သယ်ဆောင်ခဲ့သည်။ ဆက်လက်ပြီး ခရီးကိုဆက်ရင်း တောင်ပေါ်သို့ရောက်လာသောအခါ ညနေစာချက်ပြုတ်ရန်အတွက် ထင်း၊ ဝါးတို့အား ရှာဖွေခဲ့ကြပြီး စတင်မီးမွေးခဲ့ကြသည်။ ညအိပ်ရန်အတွက်လည်း ယာယီတဲကလေးများကို အတူတကွဆောက်လုပ်ကြရင်း တောင်တက်ခရီးစဉ်၏ အနှစ်သာရတစ်ခုကို ပြည့်ပြည့်ဝဝ ရယူခံစားခဲ့ကြပါသည်။

ညနေစာ အတူတကွ ပျော်ပျော်ရွှင်ရွှင်စားသောက်ကြပြီးသော် ဦးဝဏ္ဏသိန်းမှ ဦးဆောင်၍ တစ်ဦးနှင့်တစ်ဦးပိုမို ရင်းနှီးသိကျွမ်းလာစေရန် မိတ်ဆက်ခြင်းအစီအစဉ်ကို ပြုလုပ်ခဲ့ကြသည်။ မိတ်ဆက်



ကြပြီးသော် တောင်တက်ခရီးစဉ်မှရရှိသော အတွေ့အကြုံခံစားချက်များကို အတူတကွမျှဝေသည့် စကားဝိုင်းဖြင့် ခရီးစဉ်ကလေးအား ပိုမိုအမှတ်တရဖြစ်စေရန် လုပ်ဆောင်ခဲ့ကြပါသည်။ တောင်တက်အဖွဲ့တွင် ပါဝင်ကြသော မျိုးဆက်သစ် လူငယ်များအား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အမြင့်ဖွင့်အကြောင်းအရာများ၊ သစ်တောသစ်တောင် ထိန်းသိမ်းရေးနှင့် ဓနုဒေသ၏ ရေဝေရေလဲနေရာများ ထိန်းသိမ်းရေးအကြောင်းများကို ဆရာဣန္ဒနှင့် ဆရာကြည်ဖြိုးတို့မှ တင်ပြဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးစကားဝိုင်းကလေးအား ပြုလုပ်ခဲ့ကြပြီးနောက် တောင်တက်ခရီးစဉ်မှ ရရှိလာသော ပင်ပန်းနွမ်းနယ်မှုများဖြင့် အေးစိမ့်ချမ်းအေးလှသည့် တောင်ပေါ်၌ အနားယူအိပ်စက်ခဲ့ကြပါသည်။

မနက်အာရုံရောက်သော် တောင်တက်အဖွဲ့သားများမှ မနက်ခင်းနေထွက်သည့် သဘာဝအလှတရားကို ကြည့်ရှုခံစားခဲ့ကြပြီး အမှတ်တရအနေဖြင့် အတူတကွအဖွဲ့လိုက် ဓာတ်ပုံများကို ရိုက်ယူခဲ့ကြပါ သည်။ တောင်အောက်သို့ မနက် ၈ နာရီခွဲအချိန်တွင် ပြန်လည်ဆင်းခဲ့ကြပြီး အမြင့်ပေ (7852)ပေ ရှိသော ဓနုဒေသ၏ အဓိကရေဝေရေလဲ နေရာ အရှေ့မြင်အနောက်မြင် တောင်တက်ခရီးစဉ်အား အေးချမ်းအောင်မြင်စွာဖြင့် အဆုံးသတ်ခဲ့ကြပါသည်။




# အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့



နိုင်ငံတကာ သဘောတူစာချုပ် တစ်ခုဖြစ်သည့် အိုဇုန်းလွှာအား လျော့ကျကုန်ခန်းစေသည့် ရုပ်ဝတ္ထုပစ္စည်းများထုတ်လုပ်မှု လျှော့ချရေးMontreal Protocolကို ၁၉၈၇ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့၌ လက်မှတ်ရေးထိုးခဲ့သည့် အထိမ်းအမှတ်အနေဖြင့် ၁၉၉၄ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံမှ စက်တင်ဘာ ၁၆ရက်နေ့အား အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ရန် ကြေညာခဲ့ပါသည်။ Montreal Protocol ၏အဓိကရည်ရွယ်ချက်မှာအိုဇုန်းလွှာကို ထိခိုက်ပျက်စီးစေသော ပစ္စည်းများသုံးစွဲထုတ်ယူမှုကို ကမ္ဘာနှင့်ချီသည့် အတိုင်းအတာဖြင့် လျှော့ချကာ အိုဇုန်းလွှာကိုကာကွယ်ထိန်းသိမ်းရန် ဖြစ်ပါသည်။



## အပြည်ပြည်ဆိုင်ရာ တောင်တန်းများနေ့အထိမ်းအမှတ်အနေဖြင့် ဌာနေတိုင်းရင်းသားခေါင်းဆောင်များမှ တိုက်တွန်းအကြံပြုပြောကြားခြင်း




**ကိုဣန္ဒ**

ဓနုဌာနေတိုင်းရင်းသားတစ်ဦး
အစိမ်းရောင်အခွင့်အရေးအဖွဲ့ အစည်း
ရွာငံမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။


**မေး-** တောင်တန်းတွေရဲ့ တည်ရှိမှုက ဘယ်လိုမျိုးအရေးပါနေသလဲဆိုတာကို ပြောပြပေးပါလားခင်ဗျာ။

**ဖြေ-** တချို့တောင်တွေက ရေဝေရေလဲတွေကနေအများကြီးကနေ ချောင်းသေးသေး၊ မြစ်သေးသေးကနေ မြစ်ကြီးကြီး၊ မြစ်ကြီးကြီးကနေ ရေအရင်းအမြစ်တွေကို ရနေပါတယ်။ အဲ့တော့တောင်တန်ရဲ့ ဂေဟဗေဒစနစ်ကတော့ အားလုံးသိတဲ့အတိုင်း အရမ်းအရေးကြီးပါတယ်။ ထို့အတူဘဲ အရမ်းကြီးကို တန်ဖိုးကြီးတဲ့ အပင်မျိုးစိတ်တွေ၊ ရှားပါးသတ္တဝါတွေ၊ အကောင်ပလောင်လေးတွေက ကမ္ဘာကြီးတည်ရှိတဲ့အတိုင်း တောင်တွေမှာ မှီခိုကျက်စားနေရတဲ့အတွက် ဒါကြီးက တန်ဖိုးမဖြတ်နိုင်တဲ့ ကျွန်တော်တို့ရဲ့ အာဟာရပဒေသာပင်ကြီးလို့ ပြောရမှာပေ့ါ။

**မေး-** တောင်တန်းတွေပေါ်မှာ ဘယ်လိုမျိုး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုများကို လုပ်လို့ရပါသလဲဆိုတာကို ဖြေကြားပေးပါဦး ခင်ဗျ။

**ဖြေ-** တောင်များနေ့မှာ အားကစားအနေနဲ့ ခြေလျင်တောင်တက်တာမျိုးအပြင်၊ အခုနောက်ပိုင်းတွေမှာဆိုရင် ခရီးသွားလုပ်ငန်းတွေမှာဆိုရင်လည်း တောင်တွေရဲ့ အရေးပါပုံတွေပေ့ါ။ ခရီးသွားလုပ်ငန်းတွေဆိုတာ မီးခိုးမထွက်တဲ့ စက်ရုံတွေပေ့ါ။ နေဝင်နေထွက်တာ၊ လေတိုက်တာ၊ သစ်ပင်တွေ သဘာဝအလှတွေကိုကြည့်တာလောက်ဘဲမဟုတ်ဘဲနဲ့ ဒီထက်ပိုပြီးတော့ တန်ဖိုးရှိတဲ့ အရာတွေကို ထုတ်ဖော်နိုင်မလဲဆိုတာ ပြည်သူအားလုံး သဘာဝပတဝန်းကျင်ကို ချစ်တဲ့သူအားလုံးတို့ကို ပိုပြီးတော့ သိစေလာကောင်းပါတယ်။

**မေး-** တောင်ပေါ်သဘာဝအရင်းအမြစ်တွေကို ဘယ်လိုမျိုးသုံးစွဲနေကြတဲ့ အခြေအနေလေးကို ပြောပြပေးပါလားခင်ဗျာ။

**ဖြေ-** တောင်ပေါ်ကနေပြီးတော့ မြစ်ဖျားခံလာတဲ့ရေတွေကို သွယ်ယူပြီးတော့ လူဦးရေသိန်းဂဏန်းရှိတဲ့ မြို့ပြတွေမှာ သုံးစွဲနေရတဲ့ဟာက တောင်ပေါ်မှာရှိတဲ့ မြို့ငယ်လေးတွေ မြို့ကြီးဘဲဖြစ်ဖြစ် အဓိက အရင်းအမြစ်တကယ့်အကျိုးရှိပုံပါ။ ဌာနေတိုင်းရင်းသားများ သုံးစွဲလိုက်ခြင်းအားဖြင့် တောင်ပေါ်ရှိ သယံဇာတများ အရမ်းကြီးမကုန်သွားပါဘူး။ တောင်ပေါ်မှာ လူပြည့်သိပ်ပြီးနေတာမှ မဟုတ်ဘူးပေ့ါ။ ဒါပေမဲ့ တောင်အောက်မြေပြန့်မှာနေကြတဲ့ လူအများစုကတော့ အဲ့ဒီရဲ့ အရင်းအမြစ်ကို အလွန်အကျွံ ထုတ်ယူသုံးစွဲကြတယ်။ တောင်အောက်ကလူတွေက တောင်ပေါ်အရင်းအမြစ်တွေ ကုန်လာခဲ့အခါကျတော့ တောင်ပေါ်နေ ဌာနေတိုင်းရင်းသားတွေကို အပြစ်တင်လာကြတယ်။ ကျွန်တော်သိသလောက်ဆိုရင် ထိုင်းနိုင်ငံ တောင်ပေါ်မှာနေတဲ့ ဌာနေတိုင်းရင်းသားတွေကို ဥပဒေနဲ့သတ်မှတ်ပြီးတော့ တောင်

အောက်ကို မောင်းချပြီးတော့ တောင်အောက်ကို ပြန်ဆင်းခိုင်းတဲ့ သာဓကတွေရှိခဲ့ဖူးတယ်။ ထို့အတူပေါ့ မြန်မာနိုင်ငံမှာလည်း အဲ့လိုမျိုးဖြစ်လာခဲ့မယ်ဆိုရင် တောင်ပေါ်မှာ နေထိုင်တဲ့ ဌာနေတိုင်းရင်းသားတွေကို ရွှေ့ပြောင်းခိုင်းတာတွေများ ဖြစ်လာမလား ဆိုပြီးတော့ စိုးရိမ်မိပါတယ်။



မေး– တောင်တန်းများကို ဘယ်လိုစီမံကိန်းလုပ်ငန်းတွေက ထိခိုက်ဖျက်စီးနေပါသလဲ ခင်ဗျာ။

ဖြေ– တောင်တန်းတွေကို ထိခိုက်ဖျက်စီးနေတာကတော့ သတ္တုမိုင်းတို့၊ ခဲသတ္တုမိုင်းတို့၊ ကြေးသတ္တုမိုင်းတို့ အစုံပေါ့လေ။ ကျွန်တော်တို့ ရှမ်းပြည်တောင်တန်းဆိုရင် အောက်ခြေမှာ တကယ့်သက်တမ်းရင့်တဲ့ အမျိုးအမည်များစွာသော သတ္တုတွေက တူးရင်တူးသလောက် နေရာတိုင်းမှာထွက်ပါတယ်။ တရားမဝင်တဲ့ သတ္တုတူးတာတွေရှိတယ်၊ တရားဝင်တဲ့ သတ္တုကုမ္ပဏီအကြီးကြီးတွေ ခဲသတ္တုတွေ တနေ့ကို တန်ချိန်ထောင်နဲ့ချီပြီးထုတ်နေတဲ့စက်ရုံတွေရှိတယ်။ဒေသခံတွေကို မလေးစားတာတို့၊ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးအောင် ထုတ်နေကြတာတွေရှိတယ်၊ ပဋိပက္ခတွေလည်းရှိတယ်၊ ဒေသခံတွေကို မတရားဖမ်းဆီးတာတွေ၊ တရားစွဲတာတွေ၊ ထောင်ချတာတွေရှိတယ်။ သယံဇာတနဲ့ ပတ်သက်လာရင် တာဝန်ခံမှု တာဝန်ယူမှုဆိုတဲ့ အစိုးရဌာနပိုင်းဆိုင်ရာမှာလည်း အရမ်းအားနည်းနေတာကိုတွေ့ရတယ်။ သဘာဝပတ်ဝန်းကျင်ကိုချစ်တယ်ဆိုရင် နှစ်ခါပြန်လုပ်ယူလို့မရတဲ့ သယံဇာတတွေကို တော်တော်ကြီးကို ထိန်းသိမ်းရမှာပါ။ ဒီရွေးကောက်ပွဲကာလ အကူးအပြောင်းမှာဆိုရင် တူးဖော်ခွင့် စမ်းသတ်ခွင့်လိုင်စင်တွေကို စုစုပေါင်းဧကသိန်းနဲ့ ချီခွင့်ပြုထားတယ်လို့ ကြားတယ်။ ဒေသခံတွေအရမ်း စိုးရိမ်နေရပါတယ်။

မေး– ဒီလိုမျိုး စီမံကိန်းတွေနဲ့ပတ်သက်ပြီး ဘယ်လိုမျိုး တုံ့ပြန်ဆောင်ရွက်နေကြလဲဆိုတာကို ဖြေကြားပေးပါဦး ခင်ဗျာ။

ဖြေ– အဖွဲ့အကြီးကြီးတွေကသော်လည်းကောင်း သေသေချာချာကြီးကို ကာကွယ်နေတာမျိုးမရှိဘူး၊ အစိုးရမဟုတ်တဲ့ NGO အဖွဲ့လေးတွေ၊ ဥပဒေပညာရှင်အဖွဲ့လေးတွေ၊ ပရဟိတအဖွဲ့လေးတွေပေါင်းပြီးတော့ တတ်နိုင်သမျှ တရားမဝင်တဲ့ကိစ္စတွေကို ရွာသူရွာသားတွေ လက်မှတ်မထိုးမိဖို့၊ တရားဝင်ဖြစ်လားမဖြစ်လားဆိုတဲ့ဥပဒေနဲ့ညီမညီပွင့်လင်းမြင်သာမှုရှိမရှိ စုံစမ်းစစ်ဆေးဖို့ ကျွန်တော်တို့က လုပ်နိုင်ခဲ့ပါတယ်။

မေး– ယခုလို သဘာဝသယံဇာတနဲ့ ပေါကြွယ်ဝတဲ့ တောင်တန်းများကို ဘယ်လိုမျိုး ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားသင့်လဲဆိုတာကို ဖြေကြားပေးပါဦးခင်ဗျာ။

ဖြေ– ဌာနေတိုင်းရင်းသားတွေရဲ့ ရပ်တည်မှု၊ ဘုံဌာန၊ ဒီတန်ဖိုးမဖြတ်နိုင်တဲ့ တောတောင်တွေကို ဘယ်လိုကာကွယ်မလဲဆိုတာကတော့ ကျွန်တော်တို့ ထပ်ပြီးတော့ ကြိုးစားသွားရဦးမှာ ဖြစ်ပါတယ်ပေါ့။ တောင်တန်းတွေမှာရှိတဲ့ ဂေဟဗေဒစနစ်တွေ မထိခိုက်စေသော အရာတွေကို ပိုပြီးတော့ တန်ဖိုးထား အလေးထားပါလို့ ပြောချင်တယ်၊ ဒါကိုလည်း ထိထိရောက်ရောက်ပြောချင်တာကတော့ ကျောက်မြတ်တူးတဲ့နေရာသည် ဘာမှသုံးလို့မရတော့ဘူး။ ကျွန်တော်တို့ ကျောက်မြတ်ကနေတော့ ပိုက်ဆံရတယ်၊ နိုင်ငံက တကယ်ရတာလားဆိုတာ မသေချာဘူး၊ ကျွန်တော်တို့နိုင်ငံသားတွေ အကျိုးအမြတ်ရှိလားဆိုတာ မသေချာပါဘူး။ သို့သော် ကျွန်တော်တို့ တန်ဖိုးဖြတ်လို့မရတဲ့ အစားပြန်ထိုးလို့မရတဲ့ တောတောင်သယံဇာတတွေကိုတော့ သွားမထိဖို့ ကျွန်တော်သေချာပြောချင်ပါတယ်။ ဘာလို့လဲဆိုတော့ ပြန်ပြီးတည်ဆောက်လို့မရတော့ဘူး။ မြေစာပုံဖြစ်သွားရင် အဲ့မြေစာပုံကနေ တောင်တန်းကြီးဖြစ်လာဖို့ နှစ်သန်းပေါင်းကြာမလား ဘယ်လိုပြန်ဖြစ်လာနိုင်မလဲပေါ့။ သေချာတာကတော့ ဖားကန့်လိုနေရာမျိုးကို သစ်တောသစ်ပင်တွေ၊ ရေစနစ်အရင်းအမြစ်တွေ ပြန်ကောင်းလာအောင်၊ လက်ပံတောင်းတို့လို တူးပြီးသွားတဲ့ နေရာတွေကို သဘာဝပတ်ဝန်းကျင်ပြန်ကောင်းလာအောင် တောင်တွေပြန်ဖြစ်လာအောင်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စတွေပေါ့။ အဲ့ရဲ့ တန်ဖိုးတွေကို လဲမလားပေါ့။ ဌာနေတိုင်းရင်းသားတွေက ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင် တောတောင်ကနေပြီးတော့ ပိုက်ဆံတစ်ပြားမှ မကုန်ဘဲနဲ့၊ ပိုက်ဆံဆိုတဲ့ ငွေကြေးစက္ကူကို ကိုင်စရာမလိုဘဲနဲ့ ရှင်သန်ရပ်တည်လာတာ ကမ္ဘာဦးအစကနေ ဒီနေ့အထိတိုင်အောင်ပါဘဲ။ အဲ့တာရဲ့တန်ဖိုးကို ဘာနဲ့မှ ဖြတ်လို့မရနိုင်ဘူး။ တောင်တန်းတွေအတွက်ကို သယံဇာတ မတူးပေးချင်းအားဖြင့် ကာကွယ်ပေးခြင်းအားဖြင့် သူတို့ရဲ့ စီမံပိုင်ခွင့်ကို သူတို့ကိုယ်တိုင် ပြဋ္ဌာန်း၊ သူတို့ကိုယ်တိုင် စီမံခန့်ခွဲနိုင်ဖို့ ခွင့်ပြုပေးသင့်တယ်လို့ ပြောချင်ပါတယ်။

## ဆလိုင်းမောက်မောက်ကျော်



အရှိုချင်း ဌာနေတိုင်းရင်းသားတစ်ဦး
ဥက္ကဋ္ဌ၊ ငဖဲမြို့နယ်
အရှိုချင်းအမျိုးသားစာပေနှင့်
ယဉ်ကျေးမှုရေးရာအဖွဲ့
မြေလတ်ကျေးရွာ၊ ငဖဲမြို့နယ်၊ မကွေးတိုင်းဒေသကြီး။

**မေး–** အရှိုချင်းဌာနေတိုင်းရင်းသားများနေထိုင်ရာ မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်မှာရှိတဲ့ အထင်ကရတောင်တန်းတွေ အကြောင်းကို ပြောပြပေးပါ ခင်ဗျာ။

**ဖြေ–** အရင်ဦးဆုံးအနေနဲ့ ပြောချင်တာကတော့ တောင်ပေါ်မှာ နေတဲ့ ဌာနေတိုင်းရင်းသားတစ်ယောက်အနေနဲ့ တောင်ပေါ် နေဌာနေတိုင်းရင်းသားများအတွက် လုပ်ဆောင်ပေးတဲ့ အပြည်ပြည်ဆိုင်ရာ တောင်တန်းများနေ့ သတ်မှတ်ခြင်းအပေါ်များစွာ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့ မကွေးတိုင်း၊ ငဖဲမြို့နယ်မှာ ကျွန်တော်တို့နားကတော့ နတ်ရေကန်တောင်ပေါ့၊ အရှိုချင်းလိုတော့ "လှုံဆောက်" ပေါ့။ ဒီ ၅၂၀၈ပေမြင့်တဲ့ တောင်ကြီးပေါ် မှီတည်နေတဲ့ အရှိုချင်း ကျေးရွာအုပ်စု ၁၀အုပ်စုလို့ ကျွန်တော်တို့က သတ်မှတ်ထားပါတယ်။ ဒီတောင်ကတော့ ကျွန်တော်တို့ ဒေသရဲ့ သင်္ကေတတောင်တခုဖြစ်ပါတယ်။ နောက်တစ်ခုကတော့ စေတုတရာနယ်နဲ့ စပ်သွားတာပေါ့၊ အဲ့တောင်နာမည်က သက်ကယ်တောင်ဖြစ်ပါတယ်၊ ကျွန်တော်တို့ အရှိုချင်းလိုကတော့ "ပွေချီ" ပေါ့။ အဲ့တောင်ကတော့ နတ်ရေကန်တောင်ထက်မြင့်သွားပြီ။ အလွန်သာယာတဲ့ တောင်တခုဖြစ်ပါတယ်။ အဲ့တောင်ကတော့ ရိုးရာပုံပြင်အရ ကမ္ဘာကြီးရေလွှမ်းသွားတော့ သင်္ဘောကြီးက အဲ့ဒီ ပွေချီ တောင်ပေါ်မှာသွားတင်တယ်။ ဒါကြောင့်မို့လို့ အဲ့နေရာမှာ ကြက်သွန်တွေ ဘာတွေအရိုင်းတွေပေါ့၊ အဲ့လိုမျိုးတွေ တိရစ္ဆာန်နဲ့ပတ်သက်တဲ့ ပုံစံတွေ ကျောက်တွေပေါ့ ဒါမျိုးတွေတွေ့ရတယ်လို့ ပြောစမှတ်ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ တန်ဖိုးထားတဲ့ အသိအမှတ်ပြုတဲ့တောင်တန်းတွေပေါ့။

**မေး–** အရှိုချင်း ဌာနေတိုင်းရင်းသားများ မှီတင်းနေထိုင်ရာ တောင်တန်းတွေပေါ်မှာ ဘယ်လိုစီမံကိန်းတွေ လာရောက်ဆောင်ရွက်ကြပါသလဲ ခင်ဗျာ။

**ဖြေ–** လုပ်ငန်းတွေကတော့ ဟိုတယ်ဖွင့်ဖို့အတွက် ပြင်ဆင်တာတွေရှိတယ်၊ အဲ့တာကတော့ ပုဂ္ဂလိကနဲ့ဆိုင်တာပေါ့။ အစိုးရနဲ့ဆိုင်တာကတော့ လမ်းချဲ့ထွင်တာတွေ၊ လမ်းဖောက်တာတွေ၊ အစိုးရရဲ့ စီမံကိန်းတွေပေါ့။ အဲ့ဒီအရာတွေအားဖြင့် တောတောင်တွေ တစ်ပိုင်းတစ်ဝက်အနေနဲ့ ပျက်စီးတယ်ပေါ့။ နောက်တစ်ခုကတော့ စစ်တပ်ကနေပြီးတော့ ဗျူဟာအရ နေရာချဲ့ထွင်တာ၊ ခုနကကျွန်တော်ပြောတဲ့ နတ်ရေကန်တောင်မှာဆိုရင် စစ်တပ်က လေကြောင်းကာကွယ်ရေးတပ်အနေနဲ့နေရာယူလိုက်တော့ဒီဒေသခံတွေကတောင်ကြီးအပေါ် သွားဖို့လာဖို့တောင် ခက်ခဲသွားတယ်ပေါ့၊ အဲ့လိုမျိုးပြဿနာတွေတော့ ရှိတယ်ပေါ့နော်။ ကုမ္ပဏီတွေကို တောင်းဆိုချင်တာကတော့ ကျွန်တော်တို့ဒေသမှာ တောင်ပေါ်မှာ သစ်တောသစ်ပင်တွေ ပျက်သွားရင် ပြန်ပြီးတော့ စိုက်ပေးဖို့ ဒါမှမဟုတ် ဒေသဖွံ့ဖြိုးရေးတွေကို ပြန်လုပ်ပေးဖို့၊ အဓိကတော့ သစ်တောသစ်ပင်ပျက်သွားရင် ပြန်စိုက်စေချင်ပါတယ်။ အစိုးရဌာနတွေကနေပြီးတော့ ပူးပေါင်းပြီးတော့ လုပ်ဆောင်စေချင်တာပေါ့။

**မေး–** တောင်ပေါ်နေဌာနေတိုင်းရင်းသားတွေကို မိမိတောတောင်ရေမြေသဘာဝတရားတွေကို ချစ်မြတ်နိုးတတ်လာအောင် ပြောပြပေးပါဦး ခင်ဗျာ။

**ဖြေ–** တောင်ပေါ်နေ ဌာနေတိုင်းရင်းသားတွေကို အားပေးချင်တာကတော့ မိမိရေမြေတောတောင်ကို မြတ်နိုးတဲ့စိတ်ပေါ့၊ ကိုယ့်ဒေသ၊ ကိုယ့်ရေမြေတောတောင်ကိုချစ်တာ တိုင်းပြည်ချစ်စိတ်ရဲ့ အခြေခံပါဘဲ။ ဒါကြောင့်မို့လို့ ကိုယ်နေတဲ့နေရာ ကိုယ့်တောတောင်ရေမြေကို ချစ်ခင်မြတ်နိုးဖို့ ဒီလိုမျိုးလေး တိုက်တွန်းပြောကြားချင်ပါတယ်။








သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဟာ ကမ္ဘာ့နိုင်ငံအားလုံးအတွက် အရေးကြီးတဲ့အတွက် သက်ဆိုင်ရာ ပညာရှင်ဆရာတွေကလည်း ဒီစိန်ခေါ်မှုတွေကို ဒီအောင်ပင်လယ်မှာ အဓိကထားပြီး တင်ပြပါတယ်။ အစိုးရအတွက်ရော မူဝါဒလုပ်တဲ့သူတွေအတွက်ရော ကမ္ဘာ့အမြင်တွေ၊ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ စီမံကိန်းတွေအတွက် ရည်ရွယ်ပြီးတော့ အောင်ပင်လယ်လူမှုဝန်းကျင်မဂ္ဂဇင်းကို ထုတ်ခဲ့တာပါ။ ကွယ်လွန်သူဆရာကြီး ဦးထွန်းလွင်တို့ ဦးအုန်းတို့ ဒီစာအုပ် ပျောက်ကွယ်သွားမှာ တအားစိုးရိမ်ခဲ့မိကြတယ်။ ဒီအောင်ပင်လယ်လူမှုဝန်းကျင်မဂ္ဂဇင်းက ပျောက်သွားသင့်တဲ့ စာအုပ်မဟုတ်ပါဘူး။ ဆက်ပြီးတော့ မျိုးဆက်အလိုက်သယ်သွားရမဲ့စာအုပ်။ လမ်းကြမ်းကနေပြီးတော့ မြေနီလမ်းအထိခင်းနိုင်ပြီးတော့ နောက်ဆုံးကတ္တရာလမ်းချောဖြစ်တဲ့အထိ ကျွန်မတို့ရဲ့တိုင်းပြည် ကျွန်မတို့ရဲ့အနာဂတ်လူမျိုးတွေအတွက် ထားခဲ့ရမဲ့စာအုပ်တစ်အုပ်ဖြစ်ပါတယ်။ ကျွန်မတို့ကျောင်းနေတုန်းက သင်ခဲ့ရတဲ့ ကမ္ဘာပေါ်မှာမြေပုံတွေယှဉ်လိုက်ရင် ကျွန်မတို့ရဲ့ဗမာပြည်မြေပုံကိုဘယ်သူမှ မယှဉ်နိုင်ဘူး၊ အင်မတန်မှ အချိုးကျကျနဲ့အလှဆုံးဘဲ။ အဲ့ဒီမြေပုံပေါ်မှာရှိတဲ့ ဘယ်တိုင်းနဲ့ပြည်နယ်က ဘာသစ်တောတွေပေါတယ်၊ ဘာသတ္တုတွေထွက်တယ်၊ ဘာရေထွက်ပစ္စည်းတွေထွက်တယ်၊ ဒါတွေကို ကာကွယ်စောင့်ရှောက်ဖို့ မြေပေါ်မြေအောက်သယံဇာတတွေကိုချစ်ဖို့၊ ကိုယ့်တိုင်းပြည်ရဲ့စီးပွားရေးကိုထူထောင်ဖို့၊ တန်ဖိုးထားတတ်ဖို့ သဘာဝပတ်ဝန်းကျင်ပညာရပ်ဆိုတာ မရှိခဲ့ဘူး။ အနောက်နိုင်ငံတွေမှာ ဒီစည်းမျဉ်းစည်းကမ်းတွေနဲ့ လုပ်နေပေမဲ့ နောက်ပိုင်းထဲထဲဝင်ဝင် လုပ်လာတဲ့အချိန်ဟာ “Plan, Do, Check and Action” Plan ချတယ်ဟုတ်ပြီ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ တကမ္ဘာလုံးသိအောင်အလွှာပေါင်းစုံလုပ်လိုက်ပြီ။ “Plan” ချပြီးပြီ။ “Do” ဆိုပြီးတော ဒါကိုစဉ်ဆက်မပြတ် Kyoto Protocol တို့ Rio Plus 2020တို့နဲ့လုပ်လား မလုပ်လားဆိုတဲ့ အနောက်က “Check” ဘယ်မှာအားနည်းနေလဲ ဘယ်မှာအားဖြည့်ရမလဲ ဆိုတဲ့အချက်တွေဘဲဖြစ်ပါတယ်။ Earth Summit လုပ်ပြီးတဲ့အချိန်မှာ အနှစ် ၂၀ကြာတော့ Rio Plus 20 ဆိုတာလုပ်တယ်။ ပြန်သုံးသပ်တာပေါ့။ အနှစ် ၂၀အတွင်း ဒီကမ္ဘာကြီးလေထုညစ်ညမ်းတာ၊ ရေခန်းတာ၊ သဲကန္တာရဖြစ်မဲ့ကိစ္စ၊ သားရဲတိရစ္ဆာန်တွေ ရှားပါးလာတဲ့ကိစ္စ၊ လူတွေကျန်းမာရေးဆိုးလာတဲ့ကိစ္စ၊ သဘာဝဘေးအန္တရာယ်တွေ ဆိုးလားတဲ့ကိစ္စ ဒါတွေကိုဘယ်လိုလုပ်မလဲ၊ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲလာရင် အခြေခံလူမှုရေးဘဝတွေ အကုန်ပျက်စီးတဲ့အတွက် COPဆိုတဲ့ Conference of Partiesဆိုတာဖြစ်လာပြန်ပြီ။ ဒါပေမဲ့ ၁၉၉၅ခုနှစ်မှာ COP1 ကို အစီးအဝေးထိုင်ခဲ့ပေမဲ့ အခုနှစ် COP26က UKမှာကျပါတယ်။ ၂၆နှစ်အထိကျွန်မတို့ ဒီဆွေးနွေးပွဲက မပြတ်သေးဘူး။ ဝင်ပြီးလက်မှတ်ထိုးတဲ့လူက ထိုးတယ်၊ ကိုယ်တိုင်းပြည်ကိုပြန်လာရင် ပြန်လာလုပ်ချင်သလိုလုပ်တယ်။ ဟိုမှာခွင့်မပြုဘူးဆိုတဲ့ဟာတွေကို ကိုယ့်တိုင်းပြည်ပြန်ရောက်ရင် ခွင့်ပြုတာတွေအများကြီး။ လုံးဝအယုံအကြည်မရှိ မလုပ်နိုင်ဘူးဆိုပြီး လက်မှတ်မထိုး

တဲ့သူတွေအများကြီး။ အဲ့တော့ ၁၆နှစ်အရွယ် ဆွီဒင်ကျောင်းသူ Greta က သူတို့အနာဂတ်မျိုးဆက်သစ်တွေအတွက် မူဝါဒတွေ ခိုင်ခိုင်မာမာချပါတော့လို့ ထွက်ပြောလာရတဲ့အထိ ဖြစ်လာရပါတယ်။ အဲ့တော့ဒီလို သဘာဝလူမှုဝန်းကျင်အကြောင်းအရာတွေ ပါတဲ့ အောင်ပင်လယ်လူမှုဝန်းကျင်မဂ္ဂဇင်းလေးကို အဖက်ဖက်မှ ဝိုင်းဝန်းကူညီပေးခဲ့တဲ့သူအားလုံးကို ကျေးဇူးတင်ကြောင်းနဲ့ ဒီအောင်ပင်လယ်လူမှုဝန်းကျင်မဂ္ဂဇင်းလေးကို နောက်မျိုးဆက်တွေအထိ ဆက်လက် လက်ဆင့်ကမ်းသွားနိုင်ဖို့ရန် အားပေးထောက်ပံ့မှုအကူအညီများစွာ လိုအပ်ကြောင်းကို လေးစားစွာနဲ့ ပြောကြားလိုပါတယ်။



ကျွန်မတို့ ပွိုင့်-ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ရဲ့ အဓိကဦးစားပေးတဲ့အရာက ဌာနေတိုင်းရင်းသားတွေ ထိန်းသိမ်းထားတဲ့ ဒီသဘာဝပတ်ဝန်းကျင်ကို ပြန်လည်ထိန်းသိမ်းချင်တဲ့ ကဏ္ဍဘဲဖြစ်ပါတယ်။ အဲ့ဒီအတွက်ကြောင့်မို့လို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ဆို ကျွန်မတို့ကလည်း အောင်ပင်လယ်နဲ့အတူ ကြီးပြင်းလာခဲ့တဲ့သူတွေဘဲလို့ ပြောလို့ရပါတယ်။ အစိုးရသစ်ပြောင်းလဲလာတဲ့ နောက်မှာလည်း အောင်ပင်လယ်ကစာအုပ်တွေကို ဒေါ်လေးတို့ရဲ့အစီအစဉ်နဲ့ တိုင်းနှင့်ပြည်နယ်အစိုးရစီ တိုက်ရိုက်ပို့ပေးတာလည်းရှိပါတယ်။ တိုင်းနှင့်ပြည်နယ်အသီးသီးမှာဖြစ်နေတဲ့ သဘာဝပတ်ဝန်းကျင်အရေးနဲ့ အောင်ပင်လယ်ကပေးတဲ့ သတင်းစကားတွေ ချိတ်ဆက်သွားနိုင်ပြီးတော့ အစိုးရတွေအနေနဲ့ အားတက်သရောလုပ်ဆောင်နိုင်ဖို့ ရည်ရွယ်ချက်နဲ့ ဝိုင်းဝန်းခဲ့တာဖြစ်ပါတယ်။ ဒီအောင်ပင်လယ်လူမှုဝန်းကျင်မဂ္ဂဇင်းကလည်း မျိုးဆက်တစ်ဆက်ပြီးတစ်ဆက်မှာ ရှင်သန်သွားဖို့ ကျွန်မတို့အများကြီးမျှော်လင့်ထားပြီးတော့ တောင်းဆုပြုပါတယ်။



ကျွန်တော်တို့နိုင်ငံရဲ့ သစ်ပင်တွေ၊ သစ်တောတွေ၊ သဘာဝသယံဇာတတွေ အတွက်ခံစားမှုတန်ဖိုးရှိဖို့ အင်မတန်အရေးကြီးပါတယ်။ ခံစားမှုတန်ဖိုးရှိယုံနဲ့ မရသေးပါဘူး။ အဲ့ဒီအရာတွေကို ကာကွယ်ထိန်းချုပ်နိုင်တဲ့ ဥပဒေစိုးမိုးမှုရှိဖို့လည်း နိုင်ငံသူနိုင်ငံသားအပေါင်းနဲ့ တာဝန်ရှိအုပ်ချုပ်သူအစိုးရတို့ ဝိုင်းဝန်းပြီးတော့ အတူတကွ လက်တွဲဆောင်ရွက်ဖို့လိုပါတယ်။ ခံစားမှုနဲ့ ကိုယ့်အမွေအနှစ်ကို ထိန်းသိမ်းနိုင်ရင်တောင်မှ လုံခြုံမှု၊ တရားဥပဒေစိုးမိုးမှုမရှိရင် ကျွန်တော်တို့အတွက် အချည်းနှီးပါဘဲ။ ကျွန်တော်တို့နိုင်ငံက သစ်တောကြိုးဝိုင်းတွင်း ခိုးပြီးတော့ ခုတ်တယ်။ တစ်သက်တစ်ကျွန်းဆိုပြီးတော့ စရက်အထက်နဲ့လွှတ်ပေးလိုက်တယ်။ အဲ့လိုအဖြစ်မျိုးဆိုရင် စရက်လောက်အချုပ်ခံပြီးတော့ ခိုးချင်တဲ့သူခိုးတွေ အများကြီးရောက်လာပါလိမ့်မယ်။ ကျွန်တော်တို့ဟာ အနာဂတ်အတွက်စိုးရိမ်ပူပန်ပြီးတော့ ကျွန်တော်တို့ ပြည်သူတွေ ခံစားရသလို ကျွန်တော်တို့ကိုအုပ်ချုပ်တဲ့ အစိုးရကလည်း အဲ့ဒီခံစားမှုနဲ့ အင်မတန်လုံခြုံတဲ့ ဥပဒေတွေ အကာအကွယ်တွေပေးသွားနိုင်ဖို့ အင်မတန်အရေးကြီးပါတယ်။ ကျွန်တော်တို့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်တဲ့ သူတွေက ဘယ်လိုလူတွေလဲ၊ ကျွန်တော်တို့ ပတ်ဝန်းကျင်ကို ဖျက်စီးပြီးတော့ သူတို့ဘဝအကျိုးကိုရှာဖွေသူတွေဟာ ဘယ်သူတွေလဲဆိုတာကို ကျွန်တော်တို့ ခွဲခွဲခြားခြားမြင်နိုင်ပြီးတော့ သဘာဝပတ်ဝန်းကျင် မိဘဘိုးဘွားအမွေအနှစ်တွေကို ထိန်းသိမ်းနိုင်တဲ့ အစိုးရကောင်းတစ်ရပ် ကျွန်တော်တို့ကိုယ်တိုင် ရွေးချယ်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ပြောကြားလိုပါတယ် ခင်ဗျာ။



လူတွေက ဒီ EIA(Environmental Impact Assessment), SIA(Social Impact Assessment)တို့ကို သိပ်အများကြီးနားမလည်ခဲ့ကြဘူး။ အဲ့တော့ ဆည်ဆောက်ရင်ဘာဖြစ်မလဲဆိုတော့ ဒေါ်ဒေဝီသန့်စင်ထုတ်ခဲ့တဲ့ စာအုပ် ဧရာဝတီမြစ်ကြီးနဲ့ပက်သက်ပြီးတော့ ကျွန်တော်တို့ တော်တော်လေးကို ကြိုးစားခဲ့ကြတယ်။ မြစ်ဆုံမှာသွားပြီးတော့ ကန့်ကွက်ပွဲတွေ၊ ဟောပြောပွဲတွေလုပ်ခဲ့ပါတယ်။ ဒါဟာ ပြည်သူနဲ့ အစိုးရကြား သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်ပြီးတော့ ပေါင်းကူးပေးတာပါဘဲ။ သစ်ပင်နဲ့သစ်တောတွေက မြေကြီးတွေကို ကာကွယ်ပါတယ်။ ဒီသစ်ပင်က ကာကွယ်ထားတဲ့အတွက် အဆင်ပြေနေတဲ့အချိန်မှာ ကျွန်တော်တို့က သစ်ပင်ကိုခုတ်လိုက်ရင် သဲတွေ၊ မြေကြီးတွေ မြေဆီလွှာတွေက မိုးရေနဲ့အတူအဝေးကြီးကို ပါထွက်သွားပါတယ်။ ပြီးတော့ ချောင်းတွေ၊မြစ်တွေထဲရောက်တော့ ချောင်းတွေမြစ်တွေကောကုန်တာပေါ့။ အဲ့တော့ ရေလည်းမရှိဘူး၊ ချောင်းတွေမြစ်တွေကောကုန်တယ်။ မိုးရွာချလိုက်ရင် မြစ်ရေလျှံမှု၊ ရေကြီးမှုတွေဖြစ်တာပေါ့။ ဒီပြဿနာတွေက သစ်ပင်ကိုမချစ်လို့ဖြစ်လာတဲ့ ပြဿနာတွေပါ။ ကျွန်တော်တို့က သစ်ပင်တွေခုတ်ပြီးတော့ တိုင်းပြည်တိုးတက်ကောင်းမွန်အောင် ကြိုးစားမယ်ဆိုပြီးတော့ လုပ်တဲ့အခါမှာ ကျွန်တော်တို့ ပျက်စီးခြင်းတွေအများကြီးကို ဖြစ်စေပါတယ်။ ကမ္ဘာကြီးမှာ လူသန်း ၇၀၀၀ ရှိပါတယ်၊ လူတစ်ယောက်ချင်းစီ တစ်နှစ် သစ်တစ်ပင်စိုက်ရင် ကျွန်တော်တို့ ကမ္ဘာကြီးဟာ အင်မတန်ကို ပြန်လည်ကောင်းမွန်လာမှာဖြစ်ပါတယ်။



ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို နိုင်ငံတကာမှာလုပ်နေပြီ။ ကိုယ့်မြန်မာနိုင်ငံမှာလည်းဖြစ်စေချင်တယ်ဆိုတဲ့ စေတနာရဲ့ ပြင်းပြထက်သန်တဲ့စိတ်နဲ့ ဆရာမကြီး ဒေါ်ဒေဝီသန့်စင်က ရုန်းကန်လှုပ်ရှားပြီးတော့ ဒီအောင်ပင်လယ်လူမှုဝန်းကျင်မဂ္ဂဇင်းကို ထုတ်ဝေခဲ့ရတယ်။ မြန်မာနိုင်ငံမှာ ဆရာမကြီး ဒေါ်ဒေဝီသန့်စင်လို့ ပြောလိုက်ရင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ လုပ်ဆောင်နေတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ လုပ်ဆောင်နေတဲ့ Trademarkတစ်ခုပေါ့၊ Trademark ဆိုတာ လူကြိုက်များလာရင် Brand ဖြစ်တာပေါ့နော်။ ဆရာမကြီးဒေါ်ဒေဝီသန့်စင်၊ အောင်ပင်လယ်၊ မြန်မာအစိမ်းရောင်ကွန်ယက်ဆိုတာ အခုနောက်ပိုင်းမှာ Brandဆိုတာဖြစ်လာတာပေါ့နော်။ ဆရာမကြီးရဲ့ စိတ်စေတနာတွေ၊ ဆရာကြီးဦးထွန်းလွင်၊ ဆရာဒေါက်တာခင်မောင်ညို၊ ဆရာကြီးဦးအုန်းတို့က သူတို့မှာ မလျှော့တဲ့စိတ်စေတနာတွေရှိတယ်။ ဒီတိုင်းပြည်မှာ ဒီလိုလူတွေမရှိဘူးလို့ တွေးကြည့်လိုက်ပါ။ ဘာတွေဖြစ်ကုန်သွားမလဲဆိုတာ မှန်းဆကြည့်လို့ရပါတယ်။ ဒီလူတွေဟာ ပေးဆပ်မှုများစွာနဲ့ အလုပ်လုပ်ခဲ့ကြပါတယ်။ ဆရာမကြီးရဲ့ မုဒိတာနှလုံးသားနဲ့ နှောင်ဖွဲ့ထားတဲ့ မေတ္တာတွေကြောင့် ဒီလိုပညာရှင်တွေများစွာကို မြန်မာအစိမ်းရောင်ကွန်ယက်အောင်မှာ စည်းစည်းလုံးလုံးနဲ့ လက်တွဲဆောင်ရွက်သွားနိုင်ခဲ့ခြင်းဘဲဖြစ်ပါတယ်။ အောက်ခြေအပယ်ခံလူတန်းစားတွေရဲ့ အသံပါနားထောင်ပြီးတော့ ဘာပြဿနာတွေဖြစ်နေလဲ၊ ဘယ်လိုဖြေရှင်းပေးရမလဲဆိုတာကို အမြဲစဉ်းစားပေးနေတဲ့ ပညာရှင်တွေရှိပါတယ်။ မြန်မာအစိမ်းရောင်ကွန်ယက်ကလည်း အဲ့လိုနှလုံးသားရှိတဲ့ ပညာရှင်တွေကို စုစည်းထားတာဖြစ်ပါတယ်။ နောက်မျိုးဆက်သစ်တွေလည်း ဒီနှလုံးသားတွေကို မြင်အောင်ကြည့်နိုင်ကြပါစေလို့ ပြောချင်ပါတယ်။



တစ်ကမ္ဘာလုံးအနေနဲ့ ဥတုဘေးနဲ့ပက်သက်ပြီးတော့ အရေးပေါ်အခြေအနေ ကြုံနေရပါတယ်။ ဥတုဘေးနဲ့ပက်သက်တဲ့ သတင်းတွေ၊ဆောင်းပါးတွေ၊ အကြောင်းအရာတွေကို အလန့်တကြားထိတ်လန့်ဖွယ်ရာအနေနဲ့ နိုင်ငံတကာရေးရာ အဖွဲ့အစည်းတွေက ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ဥတုဘေးနဲ့ပက်သက်ရင် အထိနာဆုံးဖြစ်မဲ့ စာရင်းထဲမှာပါနေပါတယ်။ လက်ရှိမှာပင် ရာသီဥတုပြောင်းလဲခြင်း အကျိုးဆက်တွေကို ခံစားနေကြရတယ်။ နောက်ဆုံးအခွင့်အရေးဆိုပြီးတော့ တိုင်းမ်စ် မဂ္ဂဇင်းလိုဟာမျိုးကတောင် အလန့်တကြားပြောနေရပါတယ်။ အခုလည်း ကိုဗစ်ကပ်ဘေးဖြစ်နေတယ်။ ကပ်ဘေးလေး နည်းနည်းလွန်တာနဲ့ ကမ္ဘာကြီး လက်ရှိစီးပွားရေးတွေ ပိတ်ဆို့ထားတာပြီးတာနဲ့ ဝရုန်းသုန်းကားရှေ့ဆက်သွားဆိုရင် ဆိုးကျိုးတွေကို တော်တော်ဆိုးဆိုးဝါးဝါးရင်ဆိုင်ရပါမယ်။ ကပ်ဘေးပြီးတာနဲ့ ဘာလုပ်ကြမလဲ ဘာတွေပြင်ဆင်ကြမလဲဆိုတာ စဉ်းစားစရာ ပြင်ဆင်စရာ အချိန်တစ်နှစ်ဘဲရှိတယ်ဆိုတာကို ပြောကြရေးကြတာကို တွေ့နေရပါတယ်။ ကျွန်တော်တို့ ရှေ့မျိုးဆက်ရော ကျွန်တော်တို့ နောက်မျိုးဆက်ရော နေမြဲတိုင်းနေကြတာ သွားမြဲတိုင်းသွားနေကြတာ သဘာဝပတ်ဝန်းကျင်ကိုဖျက်စီးနေခြင်းရဲ့ အကျိုးဆက်ကတော့ နောင်မျိုးဆက်ကို ဥတုဘေးဒုက္ခအမွေတွေ ပေးခြင်းဖြစ်ပါတယ်။ ချမ်းသာလို့ကြွယ်ဝလို့ ပစ္စည်းဥစ္စာအမွေတွေ ပေးနိုင်ဦးတော့ သူတို့ရှင်သန်ကြီးပြင်းရမဲ့ ရေမြေသည် ဥတုဘေးဒုက္ခတွေနဲ့ သဘာဝပတ်ဝန်းကျင်ဖြစ်ပါတယ်။






ကိုရိုနာဗိုင်းရပ်စ်ရောဂါဆိုင်ရာအထူးထုတ်

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာန

# ပါးစပ်နှင့်နှာ ခေါင်းစည်း(MASK)ကို စနစ်တကျဝတ်ဆင်နည်း









COVID–19 ရောဂါသည် လေမှတဆင့်ကူးစက်တတ်သောရောဂါ (Air borne disease)ဖြစ်နိုင်ခြေများသောကြောင့် အလွန်ကူးစက်မြန်သော ရောဂါဖြစ်ပါသည်။

သင်ကိုယ်တိုင် ရောဂါပိုးရှိသူဖြစ်နေနိုင်သောကြောင့် ရောဂါပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် သင်၏ ရောဂါပိုးရှိသူများနှင့် ထိတွေ့မှုရာဇဝင်၊ ခရီးသွားရာဇဝင်နှင့်၊ ရောဂါလက္ခဏာပြသမှု ရာဇဝင်များကို နီးစပ်ရာကျန်းမာရေးဌာနများထံ အချိန်မီသတင်းပို့ခြင်းဖြင့် မိမိချစ်ခင်ရသော မိသားစုများနှင့် မိတ်ဆွေ၊ သူငယ်ချင်းများထံ ရောဂါပြန့်ပွားမှု မရှိရအောင် တားဆီးနိုင်ပါသည်။ယခုရရှိသောသတင်းစကားအားလက်လှမ်းမီသရွေ့ပြန်လည်လက်ဆင့်ကမ်းခြင်းအားဖြင့် မိမိ၏ ပတ်ဝန်းကျင်တွင် COVID–19 ရောဂါပြန့်ပွားမှုထိန်းချုပ်ရာတွင် ပူးပေါင်းပါဝင်ပေးကြပါ။

၁။ တတ်နိုင်သမျှ မိမိအိမ်မှာသာ နေပါရန်၊
၂။ လူစုလူဝေးရှိရာနေရာများသို့ မလိုအပ်ဘဲ (လုံးဝ)မသွားကြပါရန်၊
၃။ တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ကြပါရန်၊ ဖြစ်နိုင်ပါက အနည်းဆုံး (၆)ပေအကွာမှသာ နေထိုင်ပြောဆိုဆက်ဆံကြပါရန်၊
၄။ အပြင်ထွက်တိုင်း လူစုလူဝေးရှိသည့် နေရများသို့ သွားသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ကြပါရန်၊
၅။ လက်တွင်ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကိုဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံးစက္ကန့် (၂၀)ကြာအောင် ဆေးကြောကြပါရန်။
၆။ နိုင်ငံခြားမှပြန်ရောက်လာသူများအား အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း(Quarantine) လုပ်ငန်းစဉ်များတွင် အပြည့်အဝပူးပေါင်းပါဝင်စေပါ၊ တရားမဝင်ပြန်လည်ဝင်ရောက်လာသူများရှိကမဖြစ်မနေသတင်းပို့ပါရန်၊
၇။ ရောဂါပိုးရှိသူအတည်ပြုလူနာနှင့် ဆက်စပ်ထိတွေ့မှုရှိသူများ၊ သံသယရောဂါလက္ခဏာများဖြစ်သည့် ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည်တို့ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာန(သို့မဟုတ်)အုပ်ချုပ်ရေးမှူးရုံးသို့ အမြန်ဆုံးသတင်းပေးပို့ပါရန်။
၈။ ရောဂါပိုးရှိသူ အတည်ပြုလူနာနှင့် ဆက်စပ်ထိတွေ့မှုရှိသူများကို ရှာဖွေဖော်ထုတ်ခြင်းလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ပေးကြပါရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တိုက်တွန်းဖော်ပြထားပါသည်။

ထို့အပြင် ရောဂါကူးစက် ဖြစ်ပွားမှုများရှိနေသော မြို့နယ်များသို့/မှ ခရီးသွားလာမှုများရှိခဲ့ပါက ရောက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ နီးစပ်ရာကျန်းမာရေးဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ ချက်ချင်းသတင်းပို့၍ ကျန်းမာရေးစစ်ဆေးမှုခံယူရန် လိုအပ်ပါသည်။ သို့မှသာ မိမိတွင်ရောဂါကူးစက်မှုရှိပါက အချိန်မီကုသမှုခံယူနိုင်မည်ဖြစ်ပြီး မိမိမှတစ်ဆင့် မိမိ၏မိသားစုနှင့်နီးစပ်ရာများသို့ ရောဂါကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်မည်ဖြစ်ပါ၍ သတင်းပေးပို့ကာ ကျန်းမာရေးစစ်ဆေးမှုခံယူရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

ရောဂါပိုးကူးစက်မှုနှုန်းမြင့်မားနေသော ရန်ကုန်တိုင်းဒေသကြီး၏ COVID–19 ရောဂါနှင့်ပတ်သက်သော သတင်းများအား အောက်ပါ Hotline နံပါတ်များဖြင့် လက်ခံသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်သတင်းပေးပို့ပါရန် အသိပေးမေတ္တာရပ်ခံအပ်ပါသည်။

Hotline ph no 1 – 09756341601

Hotline ph no 2 – 09756341602

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားချက်အရ ဖော်ပြလိုက်ရပါသည်။

## ဒီနေ့အတွက် သိကောင်းစရာ (၁၉)

(၂၀၂၀) ပြည့်နှစ်၊ ဇွန်လ (၉) ရက်

### ပါးစပ်နှင့်နှာခေါင်းစည်း (mask)ကို ဘာကြောင့်စနစ်တကျလုံခြုံအောင် တပ်ဆင်ဖို့လိုအပ်တာလဲ?

- **ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ လည်ချောင်းနာခြင်း** စတာတွေ ခံစားရနေရပါက ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) အပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါတစ်ခုခု ရှိနေနိုင်တာ ဖြစ်ပါတယ်။
- လက်တလောသုတေသနတွေ့ရှိချက်များအရ **ရောဂါပိုးပါနိုင်သော အစက်အမှုန်ကြီးများ (large spray droplets) သည် ချောင်းဆိုးခြင်းကြောင့် တစ်စက္ကန့်လျှင် (၃၃)ပေနှုန်းအရှိန်ဖြင့် (၆)ပေခွဲကျော် အကွာအဝေးအထိ** လည်းကောင်း၊ **နှာချေခြင်းကြောင့် တစ်စက္ကန့်လျှင် (၁၆၄)ပေနှုန်းအရှိန်ဖြင့် (၁၉)ပေခွဲကျော် အထိလည်းကောင်း** ရောက်ရှိနိုင်ပြီး **ပိုးရှိ၍ရောဂါလက္ခဏာပြတွေသူတွေနဲ့ ရောဂါလက္ခဏာတစ်စုံတစ်ရာ မပြသူများ၏ ပုံမှန်အသက်ရှူထုတ်ခြင်း**ကနေလည်း **(၅)ပေခန့်အကွာထိ** ရောက်ရှိနိုင်ပါတယ်။

ဒီလိုအစက်အမှုန်များထဲတွေမှာ ပါနေနိုင်တဲ့ရောဂါပိုးများသည် အနီးနားရှိ **ပါးစပ်နှင့်နှာခေါင်းစည်း (Mask) မတပ်ဆင်ထားသောသူများထံ အလွယ်တကူဝင်ရောက်ကာ ရောဂါကူးစက်စေနိုင်ပါတယ်။**




အစက်အမှုန်များ ပျံ့နှံ့ရောက်ရှိနိုင်ပုံ

**အခြားသူများအားရောဂါကူးစက်စေခြင်းနှင့်ကိုယ်တိုင်ကူးစက်ခြင်းမခံရအောင် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကိုမမေ့မလျော့သတိပြုဖုံးအုပ်တပ်ဆင်ပါ။**

ရည်ညွှန်းကိုးကား– Huang S. COVID-19: Why we should all wear masks—there is a new scientific rationale. Medium. March 26, 2020.

## ဒီနေ့အတွက် သိကောင်းစရာ (၄၉)

(၂၀၂၀) ပြည့်နှစ်၊ ဇူလိုင်လ (၂၂) ရက်

### အခြေခံပညာကျောင်းများ ပြန်ဖွင့်ချိန်တွင် ကျောင်းသား/ကျောင်းသူများ၊ မိဘများနှင့် ဆရာများ အထူးသတိပြုလိုက်နာရမည့် အချက် (၆) ချက်

(၁) ကျောင်းသား/ ကျောင်းသူကိုယ်တိုင်ဖြစ်စေ၊ အတူနေမိသားစုဝင်တစ်ဦးဦးဖြစ်စေ နေမကောင်းဖြစ်ခြင်း (ချောင်းဆိုးခြင်း၊ ဖျားနာခြင်း၊ အသက်ရှူရခက်ခဲခြင်းစသည့် COVID-19 ရောဂါသံသယလက္ခဏာများ) ရှိလျှင်သော်လည်းကောင်း၊ လွန်ခဲ့သည့် (၁၄)ရက်အတွင်း COVID-19 ရောဂါအတည်ပြုလူနာတစ်ဦးဦး နှင့် နီးကပ်စွာထိတွေ့ခဲ့မှု (Primary Contact) ရှိခဲ့လျှင်သော်လည်းကောင်း ကျောင်းသို့စေလွှတ်ခြင်း လုံးဝမပြုပါနှင့်။ သက်ဆိုင်ရာကျောင်းသို့ ချက်ချင်းခွင့်တိုင်ပါ။ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားပါ။

(၂) ကျောင်းသို့လာစဉ်၊ ကျောင်းတွင်ရှိနေစဉ်နှင့် ကျောင်းမှအိမ်သို့ ပြန်ချိန်များတွင် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) နှင့် မျက်နှာကာ (Face shield) များ စနစ်တကျ တပ်ဆင်စေရန်နှင့် တပ်ဆင်ထားခြင်း မရှိပါက ကျောင်းအတွင်း လုံးဝ ပေးမဝင်ပါနှင့်။

(၃) တစ်ကိုယ်ရေသုံး အသုံးအဆောင်ပစ္စည်းများ (ဥပမာ- စာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ စသည်) ကို တစ်ဦးနှင့် တစ်ဦး မျှဝေသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။

(၄) လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့် ရေအသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောစေပါ။

(၅) တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆) ပေ ကွာခြား၍ ခပ်ခွာခွာနေထိုင်ပါ။ နီးနီးကပ်ကပ်နေခြင်း လုံးဝမပြုလုပ်ပါနှင့်။ အချင်းချင်း သတိပေးပါ။

(၆) နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့် နှာခေါင်းကို စနစ်တကျ ဖုံးအုပ်ပါ။ တစ်ရှူး အသုံးပြုပါက အဖုံးပါသော အမှိုက်ပုံးအတွင်းသို့ စနစ်တကျ စွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျ ပြန်ဆေးပါ။

**ကျန်းမာပျော်ရွှင်ပညာသင်၊ ကြိုတင်တားဆီး ကိုဗစ်နိုင်တီး (COVID-19)**




## ဒီနေ့အတွက် သိကောင်းစရာ (၅၀)

(၂၀၂၀) ပြည့်နှစ်၊ ဇူလိုင်လ (၂၃) ရက်

### ဈေးကွက်အတွင်းရှိ ပါးစပ်နှင့် နှာခေါင်းစည်း (Surgical Mask) တွေရဲ့ အရည်အသွေး ကောင်း/ မကောင်းကို အလွယ်တကူ ဘယ်လိုသိနိုင်ပါသလဲ?

**ပြင်ပသွင်ပြင်လက္ခဏာများ – အလွှာ (၃) ခု ပါရှိရပါမည်။**

- အပြင်ဘက်အလွှာသည် ရေမဝင်နိုင်သည့် ရက်လုပ်ထားခြင်းမဟုတ်သော (non-woven) အလွှာဖြစ်၍ ရေနှင့် လူ့ခန္ဓာကိုယ်မှထွက်ရှိသော အရည်အစက်အမှုန်များ မဝင်ရောက်စေရန် ကာကွယ်ပေးသည်။
- အလယ်လွှာသည် လေစစ် (melt blown) အလွှာဖြစ်၍ ရောဂါပိုးမွှားများဖြတ်သန်းဝင်/ ထွက်ခြင်းကို ကာကွယ်ပေးသည်။
- အတွင်းဘက်အလွှာသည် ရေစုပ်ယူနိုင်သည့် ရက်လုပ်ထားခြင်းမဟုတ်သော (non-woven) အလွှာဖြစ်၍ တပ်ဆင်သူ၏ကိုယ်မှထွက်ရှိသော အရည်အစက်အမှုန်များကို စုပ်ယူကာပြင်ပသို့မထွက်စေရန် ကာကွယ်ပေးသည်။
- နှာခေါင်းနေရာအပေါ်တွင်ရှိသော သတ္တုချောင်း (ကလစ်) သည် ဝတ်ဆင်သူနှင့် အံဝင်ခွင်ကျဖြစ်စေရန် ချိန်ညှိနိုင်သည်။

**အလွယ်တကူစစ်ဆေးနိုင်သည့် နည်းလမ်းများမှာ –**

- ရေအနည်းငယ်နှင့် မီးခြစ်ကို အသုံးပြု၍ ပါးစပ်နှင့် နှာခေါင်းစည်း (Surgical Mask) တစ်ခု၏ အရည်အသွေးကို အလွယ်တကူ စစ်ဆေးနိုင်သည်။
- အပြင်ဘက်အလွှာကို စစ်ဆေးရန် ရေစက်အနည်းငယ်ကို ၎င်းအလွှာအပေါ်သို့ချကြည့်ပါ။ မိနစ်အနည်းငယ်ကြာသည်အထိ ရေစိမ့်ဝင်ခြင်းမရှိရပါ။
- အလယ်လွှာကိုစစ်ဆေးရန် ၎င်းအလွှာကို မီးဖြင့်ရှို့ကြည့်ပါ။ အပူရှိန်ကြောင့် တွန့်လိမ်သွားသည်ကိုသာ မြင်တွေ့ရမည်ဖြစ်ပြီး စက္ကူကဲ့သို့ အလွယ်တကူမီးလောင်နိုင်ခြင်း မရှိရပါ။
- အတွင်းဘက်အလွှာကို စစ်ဆေးရန် ရေစက်အနည်းငယ်ကို ၎င်းအလွှာပေါ်သို့ ချကြည့်ပါ။ ရေစုပ်ယူခြင်းကြောင့် စွတ်စိုခြင်းရှိရပါမည်။
- ပါးစပ်နှင့်နှာခေါင်းစည်း(Surgical Mask) ကို ဝတ်ဆင်၍ အနီးရှိ ဖယောင်းတိုင်မီးအား ပါးစပ်ဖြင့် လေမှုတ်သည့်အခါတွင် မီးအလွယ်တကူ မငြိမ်းရပါ။
- ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) များသည် အနည်းဆုံး အထက်ပါ အချက်အလက်များနှင့် ကိုက်ညီမှသာလျှင် သင့်တော်သည့်ကာကွယ်မှုကို ပေးအပ်နိုင်မည် ဖြစ်ပါသည်။

**အထက်ဖော်ပြပါ အနိမ့်ဆုံးရှိရမည့်အရည်အသွေးများနှင့် ကိုက်ညီခြင်းမရှိသည့် ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) များကို ဝယ်ယူသုံးစွဲခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမှ ရှောင်ကြဉ်ပါ။**


အပြင်လွှာရေမဝင်ပုံ


အတွင်းလွှာရေစုပ်ပုံ


အင်အားသုံး၍ လေမှုတ်သောအခါတွင်ပင် အလွယ်တကူ မီးမငြိမ်းနိုင်ပုံ


အလယ်လွှာမီးမလောင်နိုင်ပုံ

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# အနံ့ပျောက်ခြင်းနှင့် ကိုဗစ် – ၁၉ ရောဂါ

## အဖြစ်များသောလက္ခဏာ

လက်တလောအနံ့ပျောက်ခြင်းသည် ကိုဗစ် – ၁၉ ရောဂါ၏ အဖြစ်များပြီး ထူးခြားသော ရောဂါလက္ခဏာတစ်ခုဖြစ်ပါသည်။ နိုင်ငံတကာတွေ့ရှိချက်များအရ ရောဂါကူးစက်ခံရသူများ၏ တစ်ဝက်ခန့်သည် အနံ့ခံအာရုံ ယာယီပျောက်ဆုံးတတ်ပြီး ရက်သတ္တပတ်အနည်းငယ် (အများအားဖြင့် နှစ်ပတ်မှ လေးပတ်အတွင်း) ပြန်လည်ကောင်းမွန် သက်သာသွားကြကြောင်း တွေ့ရှိရပါသည်။ အနည်းစုတွင်သာ အချိန်ကြာမြင့်စွာ အနံ့ပျောက်ခြင်း ဆက်လက် ဖြစ်ပွါးကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံရှိ ဆေးကုသမှုဌာနများတွင် ကုသမှုခံယူနေကြသူအများစုမှာ ဆေးရုံတက်ပြီး (၁၀)ရက်အတွင်း အနံ့ခံအာရုံ အလိုအလျောက် ပြန်လည်ရရှိကြကြောင်း လေ့လာတွေ့ရှိ ရပါသည်။




## ရုတ်တရက် အနံ့ပျောက်ဆုံးရခြင်းအကြောင်းအရင်း

COVID-19 ရောဂါဖြစ်ပွါးစေသော SARS-CoV-2 Virus သည် နှာခေါင်းအတွင်းရှိ အနံ့အာရုံခံဆဲလ်များကို ထောက်ပံ့သောကလာပ်စည်းများအား ထိခိုက်ပျက်စီးစေသောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် အနံ့ပျောက်ခြင်းရောဂါလက္ခဏာသည် နှာတာရှည် လေခိုရိုးရောင်သူများ (Chronic sinusitis)၊ နှာပိတ် နှာစေး နှာရည်ယို ရောဂါမကြာခဏဖြစ်ပွားတတ်သူများ (Allergic rhinitis) တို့တွင်လည်း တွေ့ရှိရနိုင်ပြီး ၎င်းနှာတာရှည်ရောဂါများကြောင့် ဖြစ်ပွားပါက အချိန်တိုအတွင်း အနံ့ခံအာရုံ ပြန်လည်ကောင်းမွန်နိုင်မည် မဟုတ်ပါ။

## အနံ့ပျောက်ကုထုံး

ကိုဗစ် – ၁၉ ရောဂါ ကြောင့် ရုတ်တရက် အနံ့ပျောက်ခြင်းကို ကုသရန် သီးသန့်ဆေးဝါးမရှိပါ။ မိမိ၏ကိုယ်ခံအားကောင်းစေရန် ကောင်းစွာအိပ်စက် အနားယူခြင်း၊ အစာအာဟာရပြည့်စုံစွာစားသုံးခြင်းအားဖြင့် အချိန်ကာလအတိုင်းအတာတစ်ခုပြီးသောအခါ အလိုအလျောက် အနံ့အရသာများ ပြန်လည် ကောင်းမွန်လာမည် ဖြစ်ပါသည်။ ဗိုက်တာမင်အားဆေးများ ကို သောက်သုံးလိုပါက ဆရာဝန်ညွှန်ကြားသည့် အတိုင်း သောက်သုံး နိုင်ပါသည်။ သို့ရာတွင် မိမိသဘောဖြင့် နှာခေါင်းအတွင်းသို့ ဆေးရည်ထည့်ခြင်း၊ စပ်ဆေးများ သောက်သုံးခြင်း တို့ကို လုံးဝရှောင်ကြဉ်သင့်ပါကြောင်း အများပြည်သူများ သိရှိစေနိုင်ရန်တင်ပြအပ်ပါသည်။

Credit: Department of Medicine, UM(1)

နိုဝင်ဘာလ(၅)ရက်၊ ၂၀၂၀




၂၀၀၁ခုနှစ်၊ နိုဝင်ဘာ ၅ရက်နေ့၌ ကုလသမဂ္ဂအထွေထွေညီလာခံမှ နှစ်စဉ်နှစ်တိုင်း နိုဝင်ဘာ ၆ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ စစ်မက်နှင့် လက်နက်ကိုင်ပဋိပက္ခဘေး၏ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းမှ သဘာဝပတ်ဝန်းကျင်အား ကာကွယ်စောင့်ရှောက်ခြင်းနေ့အဖြစ် သတ်မှတ်ရန်ကြေညာခဲ့ပါသည်။ ကမ္ဘာ့လူဦးရေ၏ နှစ်ဆယ်ရာခိုင်နှုန်းကျော်၊ လူဦးရေ သန်းပေါင်း ၁ ဒသမ ၅ ဘီလီယံနီးပါးသည် ပဋိပက္ခအရေးအခင်းတို့နှင့် စစ်မက်ဖြစ်ပွားသည့် နေရာဒေသများတွင်နေထိုင်နေကြလျက်ရှိပါသည်။ စစ်ပွဲများအတွင်း အသက်ပေးခဲ့ရသော စစ်သားများနှင့် ပြင်းထန်စွာဒဏ်ရာရသူများ၊ ပြည်သူလူထု၏ အသက်အိုးအိမ်နှင့် စည်းစိမ်ပိုင်ဆိုင်မှုများ ထိခိုက်ပျက်စီးဆုံးရှုံးရခြင်း၊ မြို့ပြအဆောက်အဦးများ ဖျက်စီးခံရခြင်းတို့နှင့်အတူ သဘာဝပတ်ဝန်းကျင်သည်လည်း အရေးတယူဖော်ပြခြင်း မခံရသော စစ်ပွဲ၏ သားကောင်အနေဖြင့် တည်ရှိနေပါသည်။ ရေများညစ်ညမ်းပျက်စီးသွားခြင်း၊ သီးနှံစိုက်ခင်းများ မီးရှို့ဖျက်စီးခံရခြင်း၊ သစ်တောသစ်ပင်များ ခုတ်ဖြတ်ဖြိုလှဲခံရခြင်း၊ မြေကြီးများ အဆိပ်သင့်သွားခြင်းနှင့် သားရဲတိရစ္ဆာန်များစွာ အလဟဿသေကြဆုံးရှုံးရခြင်း စသည်တို့ဖြင့် ကျွန်ုပ်တို့သဘာဝပတ်ဝန်းကျင်သည် စစ်မက်၏ အကျိုးဆက်များကိုခံစားနေရပါသည်။ထို့ကြောင့်ပဋိပက္ခအားကြိုတင်ကာကွယ်ခြင်း၊ငြိမ်းချမ်းရေးနှင့်ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဆိုင်ရာ နည်းဗျူဟာများတို့သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးတယူ လုပ်ရှားဆောင်ရွက်မှုတို့၏ အစိတ်အပိုင်းများထဲတွင် ပါဝင်နေကြောင်းကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ခိုင်မာစွာ လက်ခံကျင့်သုံးနေကြရန် အထူးပင်အရေးကြီးနေပါကြောင်း ဖော်ပြလိုက်ရပါသည်။



# ရက်ဒ်အပေါင်းနှင့် ဌာနေတိုင်းရင်းသားများအခန်းကဏ္ဍ



ဒေါက်တာသောင်းနိုင်ဦး

ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန

သစ်တောကဏ္ဍကို ကျော်လွန်ပြီး အကျိုးဆက်စပ်ပတ်သက်သူများစွာ (ဌာနေတိုင်းရင်းသားများအပါအဝင်)နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြသည့် လုပ်ငန်းဖြစ်ပါသည်။

- ရက်ဒ်အပေါင်းလုပ်ငန်းစဉ်တိုင်း(ဆုံးဖြတ်ချက်ချမှတ်ခြင်းအပါအဝင်)၌ ဒေသန္တရ အဆင့်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ နိုင်ငံအဆင့် ကိုယ်စားပြုပါဝင်ခြင်း၊
- မိရိုးဖလာ အသိပညာဗဟုသုတများ ထိရောက်စွာ အသုံးချခြင်း၊ ကောင်းမွန်သော စိုက်ပျိုးရေးနည်းစနစ်၊ သစ်တောထိန်းသိမ်းရေး နည်းစနစ်များ၊ မြေယာအသုံးချမှု စနစ်များ၊ သဘာဝနှင့်သဟဇာတမျှတစေသည့် လူနေမှု၊အသက်မွေးဝမ်းကျောင်းမှုစနစ်များ၊ စီမံအုပ်ချုပ်မှုနမူနာကောင်းများ မျှဝေခြင်း၊ ပိုမိုထိရောက်စေရန် ဆောင်ရွက်စေရန် ဆောင်ရွက်ခြင်း၊
- သစ်တောပြုန်းတီးမှုမရှိသော အစားအစာ၊ စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်ခြင်း၊
- ရက်ဒ်အပေါင်းလုပ်ငန်းစဉ်တိုင်းတွင် ထိရောက်စွာဖြင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ခြင်း၊
- သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်း(FLEGT)၊
- ဒေသခံပြည်သူကြီးကြပ်စစ်ဆေး သတင်းပို့စနစ်(CMRS)၊
- ရက်ဒ်အပေါင်းလုပ်ငန်းစဉ် (၅)မျိုးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း (ဥပမာ – ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သော သဘာဝထိန်းသိမ်းရေးနယ်မြေစီမံအုပ်ချုပ်မှု၊ ဒေသခံများ စီမံအုပ်ချုပ်သည့် အဏ္ဏဝါရေပြင်ဇေရိယာအား စီမံအုပ်ချုပ်ခြင်း၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်း အစရှိသည်တို့ဖြစ်ကြပါသည်။




## ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အပံ့ပြုနိုင်သည့် သစ်တော ကဏ္ဍဆိုင်ရာလုပ်ငန်းများ

- မိမိကိုယ်တိုင် သစ်တောစိုက်ခင်းတည်ထောင်ခြင်း(ပုဂ္ဂလိကစိုက်ခင်းများတည်ထောင်ခြင်း)
- အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းတည်ထောင်ခြင်း(မိမိသုံးအတွက်ရရှိနိုင်ပြီး၊ ပိုလျှံပါက ရောင်းချ၍ဝင်ငွေရရှိနိုင်ခြင်း)
- သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း
- အစိုးရ၊ ပုဂ္ဂလိက သစ်တောစိုက်ခင်းများတွင် ဝင်ရောက်လုပ်

ကိုင်ဆောင်ရွက်ခြင်း၊

- သဘာဝတောများမှ သစ်နှင့် သစ်မဟုတ်သော သစ်ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ တနိုင်တပိုင် ထုတ်ယူသုံးစွဲခြင်း၊
- သစ်အခြေခံ စက်မှုလုပ်ငန်းများနှင့် တန်ဖိုးရှိပစ္စည်းထုတ်လုပ်ခြင်းတွင် ဝင်ရောက်လုပ်ကိုင်နိုင်ခြင်း၊
- သစ်တောထွက်ပစ္စည်းအခြေခံ လက်မှုထုတ်ကုန်ထုတ်လုပ်ခြင်း(ဥပမာ - ဝါး၊ ကြိမ် ပစ္စည်းများထုတ်လုပ်ခြင်း၊ မှိုစ်ထုတ်လုပ်ခြင်း) တို့ဖြစ်ကြသည်။

## ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်သူဗဟိုပြုသစ်တောအုပ်ချုပ်လုပ်ကိုင်နည်းစနစ်တစ်ခုဖြစ်စေရန်၊ တောနိမ့်တောပျက်များတွင် သစ်တောဂေဟစနစ်များ ပြန်လည်တည်ထောင်ရန်နှင့် ဒေသခံပြည်သူများ၏ သစ်ထင်းဝါး အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်တို့ဖြစ်ပါသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နေလျက်ရှိပြီး ၂၀၃၀ခုနှစ်တွင် ဧက ၂.၂၇သန်း ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ရန်လျာထားပါသည်။ ဌာနမှလည်း သစ်တောသစ်ပင်ပျိုးပင်၊ နည်းပညာ စသည့်အကူအညီများအား ပိုမိုထိရောက်စွာ ပေးအပ်နိုင်ရန် ဆောင်ရွက်နေလျက်ရှိပါသည်။ မှတ်တိုင်အနေဖြင့် ၂၀၂၀ခုနှစ်၊ စက်တင်ဘာလအထိ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော ၇၃၉၀၃၀.၄၃ ဧကကို အသုံးပြုသူများအဖွဲ့ ၅၅၉၄ဖွဲ့၊ အဖွဲ့ဝင် ၁၄၂,၇၁၉ဦးဖြင့် တည်ထောင်ထားပြီးဖြစ်သည်။

ဒေသခံပြည်သူအစုအဖွဲ့ စီးပွားရေးလုပ်ငန်းများ တည်ထောင်ရာတွင် သစ်တောဦးစီးဌာနမှ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေး၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ကွန်ယက်ဖွဲ့စည်းချိတ်ဆက်ပေးခြင်း၊ သစ်ထောက်ခံချက်ပြုလုပ်ပေးခြင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများအားစီစဉ်ဆောင်ရွက်ပေးခြင်းအစရှိသည့်အကူအညီအထောက်အပံ့များအား ဆောင်ရွက်ပေးလျက်ရှိပါသည်။




## ပိုမိုကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်မှုအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများ

သစ်တောသယံဇာတရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲကို ၁၄-၅-၂၀၁၆ရက်နေ့မှ ၁၅-၅-၂၀၁၆ရက်နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပခဲ့ပြီး ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ခဲ့ပါသည်။

- ၁၉၉၂ခုနှစ် သစ်တောဥပဒေအား ခေတ်နှင့်လျော်ညီစွာ သစ်တောဥပဒေ(၂၀၁၈)အဖြစ်ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်း၊
- ၁၉၉၄ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအား ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈)အဖြစ် ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်း၊
- ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက် ၁၉၉၅နှင့် ၂၀၁၆တို့အား ခေတ်နှင့်အညီ ပြင်ဆင်ဖြည့်စွက်၍ ၂၀၁၉ခုနှစ်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်အား ထုတ်ပြန်နိုင်ခဲ့ခြင်း၊
- ၂၀၁၄ခုနှစ်တွင် ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့မှု ရပ်ဆိုင်းခဲ့ခြင်း၊
- ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်၌ သစ်ထုတ်လုပ်ခြင်းကို လုံးဝရပ်ဆိုင်းခဲ့ခြင်း၊
- ပဲခူးရိုးမဒေသအား ကျွန်းနှင့်သစ်မာထုတ်လုပ်ခြင်းကို ၁၀ နှစ်တာ ရပ်နားထားခြင်း၊
- သစ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် သတ်မှတ်နှစ်စဉ် တောထွက်ပမာဏ (Annual Allowable Cut-AAC)၏ ကျွန်း ၅၅% အောက်နှင့် သစ်မာ ၃၀%အောက်သာ ထုတ်လုပ်နေလျက်ရှိခြင်း၊
- မြန်မာ့သစ်လုပ်ငန်းကိုယ်စား ပုဂ္ဂလိကလုပ်ငန်းရှင်များမှ သစ်ထုတ်လုပ်ခြင်းကို လုံးဝခွင့်မပြုဘဲ ဌာနအစီအစဉ်ဖြင့်ဆောင်ရွက်လျက်ရှိခြင်း၊
- တန်ဖိုးမြှင့် သစ်အချောထည်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် သစ်အခြေခံ စက်မှုလုပ်ငန်းများ၏ လုပ်ကိုင်နိုင်စွမ်းနှင့် ပတ်သက်ပြီး စစ်တမ်းကောက်ယူမှု ပြုပြင်ပြောင်းလဲဆောင်ရွက်နေလျက်ရှိခြင်း၊
- တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများကို နည်းလမ်း(၅)သွယ်ဖြင့် ရှာဖွေဖော်ထုတ်ဖမ်းဆီးလျက်ရှိခြင်း၊
- ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အောက်၌ သစ်တောလုံခြုံရေး ရဲတပ်ရင်းဖွဲ့စည်း၍ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင် ၂၁၅ဦးကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၇ ခု၊ ခရိုင်







၁၄ခုတွင်ဖြန့်ခွဲထားရှိပြီး တရားမဝင်သစ် ဖမ်းဆီးရေးကိုအရှိန် အဟုန်မြှင့် ဆောင်ရွက်နေခြင်း၊

- လူထုအခြေပြု စောင့်ကြည့်ခြင်းနှင့် သတင်းပေးပို့စနစ်(CMRS) ဖြင့်ဆောင်ရွက်လျက်ရှိနေခြင်း၊
- လက်ကိုင်စက်လွှများအား ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချခြင်းများကို အပြည့်အဝ ထိန်းချုပ်ဆောင် ရွက်နိုင်ရေန် ၂၀၁၆ခုနှစ်၊ဇွန်လတွင် ပြည်ထောင်စု အစိုးရအဖွဲ့ သို့ တင်ပြဆောင်ရွက်ခဲ့ခြင်း၊
- သစ်တောဥပဒေ စိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်း ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း၊
- မြန်မာနိုင်ငံ၏ တရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ် (Myanmar Timber Legality Assurance System – MT-LAS)အား အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း၊
- မြန်မာနိုင်ငံတွင်းထွက် သယံဇာတအရင်းမြစ်တူးဖော်ရေးစက် မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်းစဉ် (Myanmar Extractive Industries Transparency Initiative – MEITI)တွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေခြင်း၊
- မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း ကို ၁၀နှစ် စီမံကိန်း (၂၀၁၇ – ၂၀၁၈ ခုနှစ်မှ ၂၀၂၆ – ၂၀၂၇ခု နှစ်အထိ) ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေခြင်း၊
- တောရိုင်းတိရစ္ဆာန်များ နေရင်းဒေသ ပြန်လည်တည်ထောင် ခြင်း စီမံကိန်း (၂၀၁၈ – ၁၉ မှ ၂၀၂၇ – ၂၈ အထိ)၊

အစရှိသည့်ဘက်ပေါင်းစုံ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများဖြင့် မြန်မာနိုင်ငံ၏ သစ်တောထိန်းသိမ်းမှုကဏ္ဍကို သစ်တောဦးစီးဌာန မှ နည်းဗျူဟာစီမံကိန်းများအား ချမှတ်အကောင်အထည်ဖော် လုပ် ကိုင်နေလျက်ရှိကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။



# ဒီဂျစ်တယ်လုံခြုံရေးနှင့် ကိုယ်ရေးအချက်လက်ကာကွယ်ခြင်း



ဒီဂျစ်တယ်လုံခြုံရေးနှင့် ကိုယ်ရေးအချက်လက်ကာကွယ်ခြင်းသည် တဟုန်ထိုး တိုးတက်မြင့်မားနေသည့်ဒီဂျစ်တယ်နည်းပညာခေတ်ကြီးတွင် ဒီဂျစ်တယ်အချက်အလက်အပေါ်မှီခိုနေရသည့် စီးပွားရေးနှင့်လူမှုအသိုက်အဝန်း၌ အများပြည်သူဦးစားပေးမူဝါဒတစ်ခုအနေဖြင့် ဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် ဒီဂျစ်တယ်အချက်အလက်များ လုံခြုံစွာထားရှိနိုင်ရန် လိုအပ်လာပါသည်။ မိမိ၏အထောက်အထား အချက်အလက်များအား ခိုးယူခံရခြင်းမှကာကွယ်နိုင်ရန် နေ့စဉ်ဒီဂျစ်တယ်နည်းပညာနှင့် ထိတွေ့လှုပ်ရှားမှုများတွင် အလေ့အကျင့်အနေဖြင့် စတင်လက်တွေ့လုပ်ဆောင်ရန် လိုအပ်ပါသည်။

ဒီဂျစ်တယ်နည်းပညာခေတ်တွင် မိမိ၏ ကိုယ်ပိုင်အကောင့်(Account)ဖြင့် ဒီဂျစ်တယ်လူမှုအသိုင်းအဝိုင်းတွင် အကြောင်းအမျိုးမျိုးဖြင့် နေရာယူအသက်ရှင် ရပ်တည်လာကြပါသည်။ ထို့ဒီဂျစ်တယ်လူမှုဝန်းကျင်တွင် လုံခြုံစွာလှုပ်ရှားသွားလာနိုင်ရန် စကားဝှက်(Password)ကို လိုအပ်လာပါသည်။

ထို့ကြောင့်၎င်း စကားဝှက်အား စာလုံးအက္ခရာအသေး(abcdef) နှင့် အကြီးများ(ABCDEF) တို့ဖြင့်ထည့်သွင်းကာ နံပါတ်များ(12345)နှင့် အထူးအက္ခရာများ(!@%$%)တို့ဖြင့်ပူးတွဲထားရှိခြင်းဖြင့် မိမိ၏ စကားဝှက်ကို ခိုင်မာကျစ်လစ်စွာ သတ်မှတ်ထားရှိဖို့ရန် အရေးကြီးပါသည်။ထို့ကြောင့် Password တွေကို သူများ မြင်နိုင်တဲ့ စာအုပ်တွေမှာထက် Password Manager or Note တွေနဲ့ သိမ်းဖို့ လိုအပ်ပါသည်။

မိမိ၏ Personal Dataဖြစ်ဖြစ် လုပ်ငန်းပိုင်းနဲ့ပတ်သက်တဲ့ Data တွေကိုဘဲဖြစ်ဖြစ် အရန်ထားရှိသိမ်းဆည်းထားဖို့ အရေးကြီးလှပါသည်။ ထို့မှသာ မိမိ၏ Data သိမ်းဆည်းထားသော မိုဘိုင်းဖုန်း၊ လက်ပ်တော့၊ ကွန်ပြူတာများ ပျက်စီးပျောက်ဆုံးသွားတဲ့အခါ ၎င်း Dataများ အရန်သိမ်းဆည်းထားသည့်နေရာမှတဆင့် ပြန်လည်ရယူနိုင်မှာဖြစ်ပါသည်။

အွန်လိုင်းပေါ်တွင် သိမ်းဆည်းထားနိုင်သည့် နေရာများမှာ Google Drive, Microsoft One Drive, Drop Box, Mega အစရှိသည်တို့ဖြစ်သည်။ ၎င်းတို့အား မိမိ၏ အီးမေးလ်များဖြင့် စာရင်းသွင်းကာ ကိုယ်ပိုင်အကောင့်များအား ပြုလုပ်နိုင်ပါသည်။ ထို့ပြင် ထိတွေ့ကိုင်တွယ်၍ရသော External Hardisk, Memory Stick တို့တွင်လည်း သေသေချာချာ လုံခြုံစိတ်ချရသည့် နေရာတွင် သိမ်းဆည်းထားနိုင်ပါသည်။

အွန်လိုင်းပေါ်တွင် လွယ်လင့်တကူရရှိနိုင်သော application များအား Browser များမှတဆင့်သွားရောက် ဒေါင်းလုတ်ခြင်းကို သတိပြုရပါမည်။ တဆင့်ခံ Application များဖြစ်သည့် Google Play-store တို့မှတဆင့် မိမိလိုအပ်သည့် applicationများအား သွားရောက်ရယူခြင်းဖြင့် Browser များမှ Virus/Malware တို့နှင့်အတူပါရှိသော applicationများ မိမိဖုန်းသို့ ဝင်ရောက်နှောင့်ယှက်ခြင်းမှ ကာကွယ်နိုင်ပါသည်။

ထို့အတူ မိမိကွန်ပြူတာအတွက် လိုအပ်သော software များကိုလည်း အရောင်းဆိုင်များမှတဆင့် လိုင်စင်ပါသော Software များကို အသုံးပြုမှသာ စိတ်ချသေချာပြီး အွန်လိုင်းမှတဆင့် အန္တရာယ်ရှိသော Virus/Malware တို့ပါရှိသည့် Software များ၊ တရားမဝင် ကူးယူပြုလုပ်ထားသည့် Pirated Software များတို့၏ရန်ကို ရှောင်ရှားနိုင်မည်ဖြစ်ပါသည်။ လိုင်စင်ဖြင့်ဆိုင်များမှ ဝယ်ယူထားသော Antivirus Software(ဥပမာ – Kaspersky Antivirus) ကဲ့သို့သော softwareများဖြင့်လည်း ကြို၍မမြင်နိုင်သည့် Virus များတို့၏ရန်မှ မိမိ၏ကွန်ပြူတာကို ကာကွယ်ထားနိုင်ဖို့ရန် အလေးအနက်ထား လုပ်ဆောင်ထားဖို့လိုသည်။ ထို့အပြင် အခြားသူများ၏ Memory Stick, Hard Disk တို့အား မိမိ၏ကွန်ပြူတာမှ Anti Virus Software ဖြင့် Virus များပါမပါ စီစစ်ပြီး မိမိ၏ကွန်ပြူတာကို လုံခြုံစိတ်ချစွာ ကာကွယ်ပေးနိုင်ပါသည်။

လူများတွင်ကျယ်စွာ အသုံးပြုလာသော အွန်လိုင်း ပလက်ဖောင်းတို့တွင် မိမိ၏ အွန်လိုင်းအကောင့်များ (Facebook, Gmail, Viber,…)အတွက် အရန် အီးမေးလ်များ၊ ဖုန်းနံပတ်များ ထည့်သွင်းထားရှိဖို့ အဘယ့်ကြောင့် လိုအပ်လာသည်ဆိုသော် မိမိ၏ အကောင့်အား တစ်စုံတစ်ဦးမှ ခိုးယူရန် ကြိုးစားသည့်အခါ ထိုဖုန်းနံပတ်၊ အီးမေးလ်များဖြင့် မိမိအား အချိန်မှီအသိပေး အကြောင်းကြားကာ လက်ရှိအသုံးပြုနေသော လျှို့ဝှက်နံပတ်စာသားများကို သွားရောက်ပြောင်းလဲခြင်းဖြင့် မိမိ၏ အကောင့်ခိုးယူခံရခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

မိမိ၏ ကိုယ်ပိုင်လျှို့ဝှက်စာသားနံပါတ်များ(သို့) One Time Password(OTP) တစ်ခါသုံး လက်ခံရရှိထားသည့် လျှို့ဝှက်နံပါတ်စာသားများကိုလည်း အခြားမည်သူ့ကိုမဆို ဝေမျှအသိပေးထားခြင်းတို့အား အထူးဂရုပြုရှောင်ရှားခြင်းဖြင့် လျင်မြန်စွာတိုးတက် ဖြစ်ပေါ်နေသည့် ဒီဂျစ်တယ်နည်းပညာခေတ်ကြီးတွင် မိမိ၏ အရေးကြီးသည့် အချက်အလက်များ ခိုးယူဖြန့်ဝေခံရခြင်းတို့မှ ကာကွယ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင် အခြေပြုသတင်းရေးသားခြင်းနှင့် မီဒီယာပညာရပ်များကို လေ့လာရန်၊ ဌာနေတိုင်းရင်းသားလူမျိုးများ အနေဖြင့် သတင်းရေးသားနည်း အသိပညာများအား သိရှိစေရန်နှင့် မိမိတို့ ပတ်ဝန်းကျင်နှင့် ဒေသတွင်းရှိ အဖြစ်အပျက်များကို မိမိတို့ကိုယ်တိုင် တင်ဆက်လာနိုင်စေရန် အလို့ငှါ ၂၀၂၀ခုနှစ်၊ အောက်တိုဘာ ၁၀၊၁၇၊၂၄၊၂၅ရက်နေ့၌ ဆောင်ရွက်ခဲ့သော “ဌာနေတိုင်းရင်းသား အခွင့်အရေးမြှင့်တင်ရေးနှင့် ဗွီဒီယိုရုပ်သံ သတင်းပညာသင်တန်း” မှ အရှုံချင်း၊ ဂေဘားနှင့် ဓနုဌာနေတိုင်းရင်းသား သင်တန်းသူသင်တန်းသားများ၏ လက်တွေ့လေ့ကျင့်ခဲ့သော ဓာတ်ပုံများအား ဖော်ပြလိုက်ရပါသည်။









“ဌာနေတိုင်းရင်းသား အခွင့်အရေးမြှင့်တင်ရေးနှင့် ဗွီဒီယိုရုပ်သံ သတင်းပညာသင်တန်း” မှ အရှိုချင်း၊ ဂေဘားနှင့် ဓနုဌာနေ တိုင်းရင်းသား သင်တန်းသူသင်တန်းသားများ၏ လက်တွေ့လေ့ကျင့်ခဲ့သော ဓာတ်ပုံများအား ဖော်ပြလိုက်ရပါသည်။













“ဌာနေတိုင်းရင်းသား အခွင့်အရေးမြှင့်တင်ရေးနှင့် ဗွီဒီယိုရုပ်သံ သတင်းပညာသင်တန်း” မှ အရှိုချင်း၊ ဂေဘားနှင့် ဓနုဌာနေ တိုင်းရင်းသား သင်တန်းသူသင်တန်းသားများ၏ လက်တွေ့လေ့ကျင့်ခဲ့သော ဓာတ်ပုံများအား ဖော်ပြလိုက်ရပါသည်။












# ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)၏ လှုပ်ရှားမှုပုံရိပ်များ



စွမ်းရည်ရှေ့ဆောင် လူမှုရေးအသင်း(CBI – Capacity Building Initiative) မှ ပွိုင့်-ရုံးသူရုံးသားများအား ၂၀၂၀ခုနှစ်၊ ဇွန်လ ၂၄၊၂၅ရက်နေ့တို့နှင့် ဇွန်လိုင်လ ၁၂ ရက်တို့တွင် “စောင့်ကြည့်အကဲဖြတ်ဆန်းစစ်ခြင်း သင်တန်း” အား Zoom အွန်လိုင်းဆော့ဖ်ဝဲဖြင့် သင်ကြားပို့ချခဲ့ပါသည်။



စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂအုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်၊ ဟိန်ကွက်ကျေးရွာတွင် ကျေးရွာစည်းမျဉ်းစည်းကမ်း သင်တန်းအစီအစဉ်အား ၂၀၂၀ခုနှစ် ဇူလိုင်လ ၁၃ရက်နေ့မှ ၁၈ ရက်နေ့အထိ ဆောင်ရွက်ခဲ့ရာ ပွိုင့်အဖွဲ့မှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါသည်။



ပွိုင့်အဖွဲ့၏ ဖလတာ လုပ်ငန်းစဉ်များကို ပြန်လည်ဆန်းစစ်သုံးသပ်သည့် အစည်းအဝေးပွဲအား ၂၀၂၀ခုနှစ်၊ ဇူလိုင်လ ၂၀ရက်နေ့မှ၂၂ရက်နေ့အထိ ဆောင်ရွက်ခဲ့ကြပါသည်။



ပွိုင့်အဖွဲ့မှ ဦးဆောင်ကာ မြန်မာနိုင်ငံဌာနေတိုင်းရင်းသူများ ကြုံတွေ့နေရသော မြေယာပိုင်ဆိုင်မှုအခွင့်အရေးများကို စစ်တမ်းကောက်ယူနိုင်ရန် အကြိုအလုပ်ရုံဆွေးနွေးပွဲအား ၂၀၂၀ခုနှစ် ဇူလိုင်လ ၂၃ရက်နေ့မှ ၂၄ရက်နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။




၂၀၂၀ခုနှစ်၊ သြဂုတ်လ ၇ရက်နေ့၌ ပွိုင့်မှ (၁၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများနေ့ကို ဂုဏ်ပြုလိုသောအားဖြင့် DVB ရုပ်သံလိုင်းနှင့်ပူးပေါင်းကာ Facebook တွင် ဌာနေတိုင်းရင်းသားများနေ့ အထိမ်းအမှတ် ရုပ်သံမှတ်တမ်းတင် ဗီဒီယိုတစ်ခုကို Live ထုတ်လွှင့်ပြသခဲ့ပါသည်။



အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားများနေ့အား ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ဘုံးဘောကျေးရွာရှိ အရှိုချင်းဌာနေတိုင်းရင်းသားများမှ သစ်ပင်စိုက်ပွဲအခမ်းအနားကို ပွိုင့်-ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့၏ အသေးစားရန်ပုံငွေထောက်ပံ့ပေးမှုဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။



၂၀၂၀ခုနှစ်၊ ဩဂုတ်လ ၉ရက်နေ့၌ ပွိုင့်အဖွဲ့နှင့် အစိမ်းရောင်စက်ဘီး စီးနင်းသူများအဖွဲ့တို့မှ အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဂုံညင်း တန်းကျေးရွာသို့ အော်ဂဲနစ်စိုက်ပျိုးသော တောင်သူလယ်သမားများထံသို့ လေ့လာရေးခရီးစဉ်အနေဖြင့် စက်ဘီးစီးနင်းသော အစီအစဉ်ကို ဆောင်ရွက် ခဲ့ကြပါသည်။



၂၀၂၀ခုနှစ်၊ ဩဂုတ်လ ၉ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမြို့နယ် ရှိ သိမ်ကုန်းကျေးရွာ၌ ဌာနေတိုင်းရင်းသားနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိအမြင်ဖွင့်စကားဝိုင်းအား အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားများ နေ့ အထိမ်းအမှတ်အနေဖြင့် ပြုလုပ်ခဲ့ကြပါသည်။



၂၀၂၀ခုနှစ်၊ ဩဂုတ် ၉ရက်နေ့၌ ကျရောက်သော အပြည်ပြည်ဆိုင်ရာဌာနေ တိုင်းရင်းသားများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်၊ အင်တောမြို့ရှိ တောင်းခမ်းကျေးရွာတွင် ကျင်းပပြုလုပ် သော သစ်ပင်စိုက်ပွဲအား ပွိုင့်မှ အသေးစားရန်ပုံငွေဖြင့် ကူညီထောက်ပံ့ပေး ခဲ့ပါသည်။



ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်ရှိ မြတ်သာကုန်းကျေးရွာ၌ အပြည် ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများနေ့ အထိမ်းအမှတ်အနေဖြင့် ဌာနေ တိုင်းရင်းသားတို့၏ အခွင့်အရေးဆိုင်ရာ အသိအမြင်ဖွင့်ဟောပြောခြင်းနှင့် ရိုးရာဓလေ့အဆိုအက ဖျော်ဖြေရေးအစီအစဉ်အား ၂၀၂၀ခုနှစ် ဩဂုတ်လ ၉ရက်နေ့တွင် ပွိုင့်၏ အသေးစားရန်ပုံငွေထောက်ပံ့ပေးမှုဖြင့် ကျင်းပပြုလုပ် ခဲ့ကြပါသည်။



မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ဂုတ်ကြီးကျေးရွာ၌ အပြည်ပြည် ဆိုင်ရာဌာနေတိုင်းရင်းသားများနေ့အား ဂုဏ်ပြုသောအားဖြင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းလမ်းများ ဟောပြောမျှဝေခြင်းနှင့် သစ်ပင် စိုက်အခမ်းအနားအား ၂၀၂၀ခုနှစ်၊ ဩဂုတ်လ ၉ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ ရာ ပွိုင့်မှ အသေးစားရန်ပုံငွေဖြင့် ကူညီထောက်ပံ့ပေးခဲ့ပါသည်။



၂၀၂၀ခုနှစ်၊ ဩဂုတ်လ ၉ရက်နေ့၌ ကျရောက်သော အပြည်ပြည်ဆိုင်ရာ ဌာ နေတိုင်းရင်းသားများနေ့ အထိမ်းအမှတ်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ်၊ ပနီဆုံကျေးရွာတွင် သစ်ပင်စိုက်ပွဲတော်အား ကျင်းပ ဆောင်ရွက်ခဲ့ရာ ပွိုင့်မှ အသေးစားရန်ပုံငွေဖြင့် ထောက်ပံ့ကူညီပေးခဲ့ပါသည်။



ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရေဖြူကန်နှင့်ပုန်းတပ်ကျေးရွာတို့မှ ၂၀၂၀ခုနှစ်၊ ဩဂုတ်လ ၉ရက်နေ့၌ ကျရောက်သော အပြည်ပြည်ဆိုင်ရာ ဌာနေတိုင်းရင်းသားများနေ့အား ဂုဏ်ပြုသောအားဖြင့် ဆောင်ရွက်သော သစ်ပင်စိုက်ပွဲအစီအစဉ်ကို ပွိုင့်မှ အသေးစားရန်ပုံငွေဖြင့် ကူညီထောက်ပံ့ပေးခဲ့ပါသည်။



၂၀၂၀ခုနှစ်၊ ဩဂုတ်လ ၁၃ရက်နေ့မှ ၁၆ရက်နေ့အထိ ပွိုင့်အဖွဲ့၏ ဘုတ်ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါက်တာဂေဘရယ်မှ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဌာနေတိုင်းရင်းသားအရပ်ဘက်အဖွဲ့အစည်းများ၏ အဖွဲ့အစည်းလည်ပတ် တည်ဆောက်ပုံ တိုးတက်ဖွံ့ဖြိုးစေရန်အတွက် ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲအား ဦးဆောင်ဆွေးနွေးခဲ့ပါသည်။




၂၀၂၀ခုနှစ်၊ ဩဂုတ်လ ၁၄ရက်နေ့၌ ပြုလုပ်သော အမျိုးသားအဆင့် မြေယာအသုံးချမှုကောင်စီ၏ နည်းပညာဆိုင်ရာအကြံပေးအဖွဲ့ အစည်းအဝေးတွင် ပွိုင့်အဖွဲ့သည် ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့် အဖွဲ့ဝင်အဖြစ် တရားဝင်အသိအမှတ်ပြုခြင်းကို ခံခဲ့ရပါသည်။



အပြည်ပြည်ဆိုင်ရာဌာနေတိုင်းရင်းသားများနေ့ အထိမ်းအမှတ်အနေဖြင့် ဇီဝမျိုးစုံမျိုးကွဲ အသိအမြင်ဖွင့်သင်တန်းနှင့် စစ်တမ်းကောက်ယူခြင်း အစီအစဉ်အား ၂၀၂၀ခုနှစ် ဩဂုတ်လ ၂၄ရက်နေ့မှ ၂၇ရက်နေ့အထိ မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ဆားပေါက်နှင့်ပဘဲကျေးရွာတို့၌ ကျင်းပပြုလုပ်ခဲ့ကြရာ ပွိုင့်မှ အသေးစားရန်ပုံငွေဖြင့် ထောက်ပံ့ကူညီပေးခဲ့ပါသည်။




ပွိုင့်ရုံးသူရုံးသားများသည် စွမ်းရည်ရှေ့ဆောင် လူမှုရေးအသင်းမှ ပြုလုပ်သော အချက်အလက်ကြိုတင်စစ်တမ်းကောက်ယူခြင်း သင်တန်းအား ၂၀၂၀ခုနှစ်၊ ဩဂုတ်လ ၂၅ရက်နေ့မှ ၂၈ရက်နေ့အထိ တက်ရောက်သင်ယူခဲ့ကြပါသည်။




ပွိုင့်အဖွဲ့မှ ၂၀၂၀ခုနှစ်၊ ဩဂုတ်လ ၃၁ရက်နေ့မှ စက်တင်ဘာ ၁ရက်နေ့အထိ ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်းနှင့်ပူးတွဲကာ မြေယာသုတေသနသင်တန်းအား Zoom အွန်လိုင်းဆော့ဖ်ဝဲဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။



ပွိုင့်အဖွဲ့မှ ဦးဆောင်ကာ ဓလေ့ထုံးတမ်းမြေယာသုတေသန စစ်တမ်းကောက်ယူခြင်း လုပ်ငန်းအစီအစဉ်အား အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ ဒေသခံဌာနေတိုင်းရင်းသား စေတနာ့ဝန်ထမ်းများတို့နှင့် ပူးပေါင်းကာ ရပ်ရွာဒေသများတွင်၂၀၂၀ခုနှစ်၊ စက်တင်ဘာ ၁ရက်နေ့မှ အောက်တိုဘာ ၃၀ရက်နေ့အထိ လိုအပ်သော အချက်အလက်များကို မေးမြန်းစစ်တမ်း ကောက်ယူခဲ့ကြပါသည်။




ဌာနေတိုင်းရင်းသားအခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဂျာနယ်လစ်သင်တန်းအား ၂၀၂၀ခုနှစ်၊ စက်တင်ဘာ ၂၃၊ ၂၄ရက်နေ့တို့၌ ပွိုင့်မှ ဦးဆောင်ကျင်းပခဲ့ပါသည်။




ဌာနေတိုင်းရင်းသားအခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဂျာနယ်လစ်သင်တန်းအား ၂၀၂၀ခုနှစ်၊ စက်တင်ဘာ ၂၃၊ ၂၄ရက်နေ့တို့၌ ပွိုင့်မှ ဦးဆောင်ကျင်းပခဲ့ပါသည်။




ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ခမ်းပါမူး ကျေးရွာရှိ ဓနုဌာနေတိုင်းရင်းသားများအတွက် မိုဘိုင်းဆော့ဖ်ဝဲဖြင့် ဂျီပီအက်စ်တိုင်းတာဆောင်ရွက်ခြင်း သင်တန်းအား၂၀၂၀ခုနှစ်၊ စက်တင်ဘာ ၂၄ရက်နေ့၌ ပွိုင့်အဖွဲ့မှ ပို့ချသင်ကြားပေးခဲ့ပါသည်။




ပွိုင့်အဖွဲ့မှ ဒေသခံဌာနေတိုင်းရင်းသားများအတွက် သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ခြင်းနှင့် အမျိုးသမီးအခွင့်အရေးဆိုင်ရာ ဂျဲန်ဒါသင်တန်းအား ၂၀၂၀ခုနှစ်၊ စက်တင်ဘာ ၂၉ရက်နေ့မှ ၃၀ရက်နေ့အထိ ပြုလုပ်ကျင်းပခဲ့ပါသည်။




ပွိုင့်အဖွဲ့မှ ၂၀၂၀ခုနှစ်၊ အောက်တိုဘာ ၁၀၊ ၁၇၊ ၂၄နှင့် ၃၁ရက်တို့၌ ဆောင်ရွက်သော ဌာနေတိုင်းရင်းသားအခွင့်အရေးမြှင့်တင်ခြင်းနှင့် ဗီဒီယိုရုပ်သံ သတင်းပညာသင်တန်းအား ဒေသခံဌာနေတိုင်းရင်းသားများ တက်ရောက်ပါဝင်သင်ယူခဲ့ကြပါသည်။



ပို့င့်အဖွဲ့မှ ဦးဆောင်ကာ ၂၀၂၀ခုနှစ်၊ အောက်တိုဘာ ၁၄ရက်နေ့မှ ၁၅ရက်နေ့အထိ ရက်ဒ်အပေါင်းအလုပ်ရုံဆွေးနွေးပွဲအား မြန်မာနိုင်ငံအတွင်းရှိ ဒေသခံဌာနေတိုင်းရင်းသားခေါင်းဆောင်များတို့နှင့်အတူ ကျင်းပဆောင်ရွက်ခဲ့ပါသည်။



၂၀၂၀ခုနှစ်၊ အောက်တိုဘာ ၂၁ရက်နေ့၌ ပို့င့်အဖွဲ့မှ မြေပုံရေးဆွဲခြင်း သင်တန်းအား Zoom အွန်လိုင်းဆော့ဖ်ဝဲဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ပုန်းတပ်ကျေးရွာရှိ ဓနုဌာနေတိုင်းရင်းသားများအား သင်ကြားပို့ချပေးခဲ့ပါသည်။



“အောင်ပင်လယ်လူမှုဝန်းကျင် မဂ္ဂဇင်း စိန်ရတုခရီးနှင့် မျက်မှောက်ဘဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ” အွန်လိုင်းအခမ်းအနားအား ၂၀၂၀ခုနှစ်၊ အောက်တိုဘာလ ၂၁ရက်နေ့၌ POINT Facebook Page မှ Live လွှင့်၍ ကျင်းပပြုလုပ်ခဲ့ရာ အောင်ပင်လယ်လူမှုဝန်းကျင် မဂ္ဂဇင်းရေရှည်တည်တံ့ရေးနှင့် ရင်ဆိုင်ကြုံတွေ့နေရသော သဘာဝပတ်ဝန်းကျင်ထိခိုက်ပြောင်းလဲမှုများနှင့် ပတ်သက်၍ ပညာရှင်များမှ ဆွေးနွေးဟောပြောခဲ့ကြပါသည်။



၂၀၂၀ခုနှစ်၊ နိုဝင်ဘာ ၁၀ရက်နေ့၌ ပြုလုပ်သော ကုလသမဂ္ဂ ရက်ဒ်အပေါင်း လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် ပြန်လည်ဆန်းစစ် သုံးသပ်ရှာဖွေခြင်းမှ ရရှိလာသော အချက်အလက်များအား တင်ပြသည့် အစည်းအဝေးပွဲတွင် ပို့င့်အဖွဲ့မှ ပါဝင်တက်ရောက်ခဲ့ပါသည်။



၂၀၂၀ခုနှစ်၊ နိုဝင်ဘာ ၁၀ရက်နေ့၌ ဒုတိယအကြိမ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် အမျိုးသမီးအခွင့်အရေးသင်တန်းအား ပို့င့်အဖွဲ့မှ ကျင်းပဆောင်ရွက်ခဲ့ပါသည်။




၂၀၂၀ခုနှစ်၊ နိုဝင်ဘာ ၁၆ရက်နေ့၌ တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှ ကျင်းပသော တတိယအကြိမ်မြောက် မြေယာနှင့် ပတ်သက်သည့် အစည်းအဝေးပွဲ၌ ပို့င့်အဖွဲ့မှ အုပ်စု (၄)တွင် ဝေလေ့ထုံးတမ်းမြေယာ လုပ်ပိုင်ခွင့်နှင့် ပတ်သက်သည့် အခန်းကဏ္ဍတွင် ဝင်ရောက်တင်ပြ ပါဝင်ဆွေးနွေးခဲ့ပါသည်။




မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်အတွင်းရှိ အရှိုချင်းဌာနေတိုင်းရင်းသား များအတွက် Zoom အွန်လိုင်းဆော့ဖ်ဝဲဖြင့် မြေပုံရေးဆွဲခြင်းသင်တန်းအား ပွိုင့်အဖွဲ့မှ ၂၀၂၀ခုနှစ်၊ နိုဝင်ဘာလ ၁၆ရက်နေ့၌ ပို့ချသင်တန်းပေးခဲ့ပါသည်။




ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီချက်မူဘောင်မှ ဖွဲ့စည်းထားသော "ဒေသခံရပ်ရွာလူထုနှင့် ဌာနေတိုင်းရင်းသား ပလက်ဖောင်း"၏ အလုပ်အမှုဆောင်အဖွဲ့မှ ၂၀၂၀ခုနှစ်၊ နိုဝင်ဘာ ၁၉ရက်နေ့၌ ဦးစီးကျင်းပသောသင်တန်းတွင် ပွိုင့်အဖွဲ့မှ "ခွဲခြား၍မရနိုင်သည့် ဌာနေတိုင်းရင်းသားများနှင့် ဌာနေအသိပညာဗဟုသုတများ"ခေါင်းစဉ်ဖြင့် တက်ရောက်ပါဝင်ကာ တင်ပြဆွေးနွေးခဲ့ပါသည်။



၂၀၂၀ခုနှစ်၊ ဒီဇင်ဘာ ၃ရက်နေ့၌ ပွိုင့်အဖွဲ့မှ မြန်မာနိုင်ငံဆိုင်ရာ အာဆီအရပ်ဘက်လူမှုအဖွဲ့အစည်းများ အလုပ်အဖွဲ့နှင့် ပူးတွဲကာ ၂၀၂၀ အာဆီယံအရပ်ဘက် အဖွဲ့အစည်းများညီလာခံအား ကျင်းပဆောင်ရွက်ခဲ့ကြပါသည်။




အစိမ်းရောင်အခွင့်အရေးအဖွဲ့အစည်းအတွက် GPSတိုင်းတာနည်းနှင့် မြေတိုင်းတာနည်း သင်တန်းအား Zoom အွန်လိုင်းဆော့ဖ်ဝဲဖြင့် ၂၀၂၀ခုနှစ်၊ ဒီဇင်ဘာ ၅ရက်နေ့၌ ပွိုင့်အဖွဲ့မှ ပို့ချသင်ကြားပေးခဲ့ပါသည်။




၂၀၂၀ခုနှစ်၊ ဒီဇင်ဘာ ၇ရက်နေ့၌ ဆောင်ရွက်သော ဌာနေတိုင်းရင်းသားအခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကွန်ရက် အလုပ်ရုံအစည်းအဝေးပွဲတွင် ပွိုင့်အဖွဲ့မှ လုပ်ငန်းပိုင်း၊ နည်းဗျူဟာအဆင့်ဆင့်နှင့် ပတ်သက်ပြီး ဆွေးနွေးမေးမြန်းပါဝင်ခဲ့ပါသည်။




၂၀၂၀ခုနှစ်၊ ဒီဇင်ဘာ ၉ရက်နေ့၌ ဆောင်ရွက်သည့် မြန်မာ၊ နီပေါနှင့် ရဝမ်ဒါနိုင်ငံတို့အတွက် နိုင်ငံတိုင်းအလှည့်ကျ အစီရင်ခံရသည့် လုပ်ငန်းစဉ် အကြိုအကျဉ်းချုပ် ဆွေးနွေးတင်ပြရသော အစည်းအဝေးတွင် ပွိုင့်အဖွဲ့မှ ပါဝင်ဆွေးနွေးတင်ပြခဲ့ပါသည်။



မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ်၊ ဆင်ယဉ်ကျေးရွာရှိ အရှိုချင်း ဌာနေတိုင်းရင်းသားများအတွက် GPSတိုင်းတာနည်းနှင့်မြေတိုင်းတာနည်း သင်တန်းအား ၂၀၂၀ခုနှစ်၊ ဒီဇင်ဘာ ၁၁ရက်နေ့၌ ပွိုင့်အဖွဲ့မှ Zoom အွန်လိုင်းဆော့ဖ်ဝဲဖြင့် သင်ကြားပို့ချပေးခဲ့ပါသည်။



အပြည်ပြည်ဆိုင်ရာ တောင်တန်းများနေ့ အထိမ်းအမှတ်အနေဖြင့် ၂၀၂၀ခုနှစ်၊ ဒီဇင်ဘာ ၁၁ရက်နေ့၌ အစိမ်းရောင်အခွင့်အရေးအဖွဲ့အစည်းမှ ဦးဆောင်ကာ ရေဝေရေလဲအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးလှုပ်ရှားမှုအား ရှေ့မြင်နောက်မြင်တောင်တွင် ဆောင်ရွက်ခဲ့ကြရာ ပွိုင့်အဖွဲ့မှ ပံ့ပိုးကူညီပေးခဲ့ပါသည်။



ကျေးရွာစည်းမျဉ်းစည်းကမ်း သင်တန်းအား ၂၀၂၀ခုနှစ်၊ ဒီဇင်ဘာ ၁၄ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်၊ ရေဒေါင်ကျေးရွာ၌ ဆောင်ရွက်ခဲ့ရာ ပွိုင့်အဖွဲ့မှ ကူညီပံ့ပိုးပေးခဲ့ပါသည်။



တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနမှ တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် လမ်းပြမြေပုံဖြစ်လာစေမည့် မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာအတည်ပြုရေးဆွဲနိုင်ရေး တတိယအကြိမ်ညှိနှိုင်းဆွေးနွေးပွဲအား ၂၀၂၀ခုနှစ်၊ ဒီဇင်ဘာ ၁၇ရက်နေ့၌ ကျင်းပဆောင်ရွက်ခဲ့ရာ ပွိုင့်နှင့် ဌာနေတိုင်းရင်းသားခေါင်းဆောင်များလည်း ဝင်ရောက်ပါဝင်ကာ ဆွေးနွေးအကြံပြု တင်ပြခဲ့ကြပါသည်။



၂၀၂၀ခုနှစ်၊ ဒီဇင်ဘာ ၁၅ရက်နေ့မှ ၁၆ရက်နေ့အထိပြုလုပ်သော အစိမ်းရောင်အခွင့်အရေးအဖွဲ့အစည်း၏ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းအား ပွိုင့်အဖွဲ့မှ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။



"မြန်မာနိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် မြန်မာအစိမ်းရောင်ကွန်ရက် (၉)ကြိမ်မြောက်တွေ့ဆုံပွဲ အား ၂၀၂၀ခုနှစ်၊ ဒီဇင်ဘာ ၁၇ရက်နေ့မှ ၁၈ရက်နေ့အထိ Zoom အွန်လိုင်း Webinar ဖြင့်ကျင်းပဆောင်ရွက်ခဲ့ရာ ပွိုင့်အဖွဲ့မှ ပံ့ပိုးကူညီ အားဖြည့်ပါဝင်ပေးခဲ့ပါသည်။




**မှတ်တမ်းစာအုပ်၏ အဓိကရည်ရွယ်ချက်မှာ –**

မြန်မာနိုင်ငံသည် ပြီးပြည့်စုံသည့် အမျိုးသားမြေယာဥပဒေကို ပြဋ္ဌာန်းထားသည့် အမျိုးသားမြေအသုံးချမှုမူဝါဒကို ၂၀၁၆ ခုနှစ်တွင်ကောက်ယူမွေးစားခဲ့သည်။ အမျိုးသားမြေယာဥပဒေကိုပြဋ္ဌာန်းပြီးသည်နှင့်တစ်ပြိုင်နက် အခြားသောဥပဒေများအားလုံးသည် ၎င်း၏ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရပါမည်။ ၎င်းပြဋ္ဌာန်းလိုက်သည့် ဥပဒေအသစ်သည် မြေယာများနှင့် သဘာဝအရင်းအမြစ်များအပေါ်တွင် ၎င်းတို့၏အသက်မွေးဝမ်းကျောင်းအတွက် မှီခိုနေထိုင်ကြသည့် မြန်မာနိုင်ငံရှိဌာနေတိုင်းရင်းသားများ၏ အနာဂတ်အတွက် အလွန်ပင်အရေးပါသည်။

မြေယာများနှင့် အရင်းအမြစ်များအား စီမံခန့်ခွဲမှုသည် မြန်မာနိုင်ငံ၏ အစိုးရနှင့် ဖက်ဒရယ်စနစ်ကို တောင်းခံလျက်ရှိသော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအကြား ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးရာတွင် အဓိကသော့ချက်တစ်ခုလည်းဖြစ်နေပါသည်။ အကယ်၍ ဖက်ဒရယ်ပြည်ထောင်စုကြီး အမှန်တကယ် အကောင်အထည်ပေါ်လာပြီး ဖက်ဒရယ်ပြည်နယ်များ (မြန်မာဌာနေတိုင်းရင်းသားများအများစုနေထိုင်သော "တိုင်းရင်းသားပြည်နယ်များ") မြေယာနှင့်သစ်တောများအပေါ် စီမံအုပ်ချုပ်ပိုင်ခွင့်ရရှိလာခဲ့လျှင် နိုင်ငံတော်နှင့် ပြည်နယ်အဆင့်မူဝါဒများနှင့် ဥပဒေများသည်လည်း လိုက်လျောညီထွေဖြစ်နေရပါမည်။

မြန်မာနိုင်ငံလူထုအခြေပြုအဖွဲ့အစည်းများအတွက် အရေးတကြီး ပြင်ဆင်ထားရန်လိုအပ်ချက်များမှာ အမျိုးသားမြေယာဥပဒေအသစ်ပြည်နယ်အဆင့်ဥပဒေများနှင့် နောင်လာမည့် ဖက်ဒရယ်ပြည်ထောင်စုတွင် ဓလေ့ထုံးတမ်းမြေယာများအား အသိအမှတ်ပြုရေးအတွက် စည်းရုံးလှုံ့ဆော်ခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်းများပြုလုပ်ထားရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ပွိုင့်အဖွဲ့မှအောက်ပါလေ့လာချက်များကို လုပ်ဆောင်ထားပါသည်–

- ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်ခွင့်နှင့်ပတ်သက်သည့် သက်ဆိုင်ရာ တည်ဆဲဥပဒေများအပေါ်တွင်ကြိုးကြောင်းဆီလျော်စွာ ပြန်လည်သုံးသပ်ရန်၊
- ဌာနေတိုင်းရင်းသားဒေသများတွင် ဇီဝမျိုးစုံမျိုးကွဲများကာကွယ်စောင့်ရှောက်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ထားသောနေရာဒေသများဥပဒေနှင့် မြေလွတ်မြေလပ်မြေရိုင်းဥပဒေ နှစ်ခုတို့ကို အကောင်အထည်ဖော်ရာမှ ထိခိုက်နစ်နာမှုများအပေါ် ဖြစ်ရပ်မှန်လေ့လာမှု နှစ်ခုပြုလုပ်ရန်၊
- ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်နိုင်ငံများရှိ ဌာနေတိုင်းရင်းသားတို့၏ အရင်းအမြစ်များနှင့် မြေယာအခွင့်အရေးများအပေါ် အသိအမှတ်ပြုသည့် တည်ဆဲဥပဒေများနှင့် အတွေ့အကြုံများအား ပြန်လည်သုံးသပ်ရန်၊
- အမျိုးသားမြေယာဥပဒေအသစ်ပြဋ္ဌာန်းရန် ဖော်ထုတ်ရာတွင် ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုအခွင့် အရေးများအား အသိအမှတ်ပြုခြင်းနှင့် အကာအကွယ်ပေးမှုအတွက် တိကျသေချာသောအချက်အလက်များဖြင့် ထောက်ပံ့နိုင်ရန်၊

IEC

# ပွိုင့် ( ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ )မှ ပုံနှိပ်ထုတ်ဝေမှုများ




The Expert Mechanism on the Rights of Indigenous Peoples (EMRIP)




United Nations Permanent Forum on Indigenous Issues




The Special Rapporteur on the Rights of Indigenous Peoples (SRRIP)




BURMA/MYANMAR UNIVERSAL PERIODIC REVIEWADVOCACY FACTSHEET




Understanding the Importance of Myanmar's Indigenous Women as Leaders in Developing Climate Change Solutions




ဂေဘား ဘာသာစကား
ရုပ်ပြစာအုပ်




၂၀၂၀ခုနှစ် အပြည်ပြည်ဆိုင်ရာ
ဌာနေတိုင်းရင်းသားများနေ့




ဌာနေတိုင်းရင်းသားအခွင့်အရေးများနှင့်
U N F C C C



ဟိန်းကွတ်ကျေးရွာ၏ မြေယာများအား
ဒေသဆိုင်ရာလုပ်ထုံးလုပ်နည်းအကောင်
အထည်ဖော်သည့် နည်းလမ်းများ




CEDAW
အထွေထွေထောက်ခံတိုက်တွန်းချက်
အမှတ် – ၃၇ (၂၀၁၈)




HERSTORY (Indigenous Women)
ဌာနေတိုင်းရင်းသူအမျိုးသမီးများအကြောင်း

NICFI IWGIA POINT SwedBio Rainforest Foundation Norway

**ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)**

FOR PEOPLE FOR NATURE

အမှတ် (၆၈၇)၊ ကြို့ကုန်း စလမ်း(တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန် - ရန်ကုန်။
ရုံးဖုန်း / ၀၉-၂၅၄ ၂၄၉ ၄၉၄
ဖေ့(စ်)ဘွတ်လိပ်စာ / https://www.facebook.com/PromotionOfIndigenousandNatureTogether
အင်တာနက်လိပ်စာ / www.pointmyanmar.org
အီးမေးလ် / point.org.mm@pointmyanmar.org